မန္တလေးနေ့စဉ်

The Mandalay Daily

ဘဂ္ဂဒူစုန်စီ ၊ နိုဝင်ဘာလ ဥဒရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၇၆) ၊ ၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက် ၊ ၁၀-၉-၂၀၂၆ ၊ ကြာသပတေးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

မော်တော်ယာဉ်မောင်းနှင်မှုအား "စုံ" ရက်၊ "မ" ရက် ခွဲခြားမှုမရှိဘဲ ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင် ပါကြောင်း ပြည်သူသို့ အသိပေး ကြေညာချက် ထုတ်ပြန်ခြင်း

နေပြည်တော် စက်တင်ဘာ ၉

၁။ ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးနှင့် ဖုံလုံမှုရှိစေရေးတို့အတွက် "စုံ"ရက်များတွင် စုံနံ့ပါတ်အက္ခရာပါသောယာဉ်များနှင့် "မ" ရက်များတွင် မနံ့ပါတ်အက္ခရာပါသောယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင်အသုံးပြုရန် ပြည်သူသို့ အသိပေးကြေညာချက်များကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ စက်သုံးဆီသုံးစွဲမှုသည် ပုံမှန်တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိလာပြီး ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့်

စာမျက်နှာ ၃ သို့ ✻

ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများအား စက်တင်ဘာလမှစတင်၍ ဒီဇင်ဘာလအထိ တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် ပေါင်းတင်ပိုးသတ်ပြီးအသင့်သောက်နွားနို့ဘူး ၉၇၀၀ ကို သတ်မှတ်အချိန်ကာလအလိုက် တိုက်ကျွေးနိုင်ရေး ဆောင်ရွက်သွားမည်



"School Milk Program" ဖြင့် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁) အခြေခံပညာနှင့်စက်မူ၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ အသင့်သောက်နွားနို့များကို ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ပေးအပ်စဉ်။

တောင်ကြီး စက်တင်ဘာ ၉

အေးသာယာမြို့ အမှတ်(၁) အခြေခံပညာနှင့် စက်မူ၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ကွန်လုံကျေးရွာအုပ်စုရှိ ရေပူကျေးရွာ အထက(၌) နှင့် ကျောက်နီကျေးရွာအုပ်စု ကျောက်နီကျေးရွာအထက(၌) စုစုပေါင်းကျောင်းသုံးကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၅၃ ဦးတို့အတွက် စက်တင်ဘာလမှ စတင်၍ ဒီဇင်ဘာလအထိ တစ်လလျှင် တစ်ကြိမ် နှုန်းဖြင့် ပေါင်းတင်ပိုးသတ်ပြီး အသင့်သောက်နွားနို့ ၃၀၀ စီစီ (၁၈ ဒသမ ၅ ကျပ်သား)ရှိ နွားနို့ဘူး ၉၇၀၀ ကို သတ်မှတ်အချိန်ကာလအလိုက် တိုက်ကျွေးနိုင်ရန် ရည်မှန်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေးခြင်း "School Milk Program" ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့နယ် အေးသာယာမြို့

စာမျက်နှာ ၃ သို့ ❖



ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ ၇၈၅၇၅ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၇၈၅၇၅ ဧက စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ သို့ ✤

ယနေ့ ဖတ်စရာ အညွှန်း

သကြားစာတ်ပါဝင်သော အချိုရည်များကို နေ့စဉ်သောက်သုံးလျှင် အစာအိမ်ကင်ဆာ ဖြစ်ပွားနိုင်ခြေ ပိုပိုမြင့်မားနိုင် — စာမျက်နှာ ၇

ကမ်းလင့်အမွေ ခံထိုက်စေ (ဆောင်းပါး) — စာမျက်နှာ ၁၄

ကျွန်းလှမြို့နယ်၌ မိုးစပါး ဧက ၃၃၀၀၀ ကျော် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကျွန်းလှ စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ မိုးစပါး ဧက ၃၃၀၀၀ ကျော် စိုက်ပျိုးပြီး ဖြစ်သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန် ၃၅၆၉၆ ဧက လျာထားပြီး လက်ရှိ အချိန်အထိ ၃၃၂၆၃ ဧက (၉၃ ဒသမ ၁၈ ရာခိုင်နှုန်း) စိုက်ပျိုးပြီးဖြစ်သည်။

စာမျက်နှာ ၄ သို့ ■



မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၉

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျိုက်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/၈လ

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ ကြာသပတေးနေ့။
မြန်မာ့ခေတ်

အသိပညာပြည့်ဝရန်အတွက် စာတတ်သူတိုင်းစာဖတ်ကြရမည်

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းကြောင်းအစသည် ၁၉၆၄ ခုနှစ်က မိတ္ထီလာခရိုင်၊ အရှေ့စံပြကျေးရွာမှ စတင်ခဲ့သည့် အရေး၊ အဖတ်၊ အတွက်ဆိုသည့် "အ" သုံးလုံး ကျေလှူပ်ရှားမှုဖြစ်သည်။ အမျိုးသားရေးလှုပ်ရှားမှုအဖြစ် လူထုအင်အားဖြင့်ဖော်ဆောင်ခဲ့ပြီး အောင်မြင်သည့် ပညာရေးကဏ္ဍာသမိုင်းပြယုဂ်တစ်ခုဖြစ်ခဲ့သည်။

ထိုသို့ လူထုလှုပ်ရှားမှုအနေဖြင့် နိုင်ငံနှင့်အဝန်း အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် ယူနက်စကို၏ ပိုဟာမက်ဒီဇာ ပါလာဒီဆု နှင့် ၁၉၈၃ ခုနှစ်မှာ "နိမာဆု"တို့ကို ရရှိခဲ့ခြင်းဖြစ်သည်။

စာတတ်မြောက်ခြင်းဆိုသည်မှာ လူသားတိုင်း၏ မွေးရာပါအခြေခံရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရိုမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အားလည်းဖြစ်သည်။ လူသားတစ်ယောက်အနေဖြင့် စာတတ်မြောက်မှသာ လေ့လာသင်ယူတတ်မြောက်ထားသည့် အတတ်ပညာများနှင့် ဘဝကို ရှင်သန်ဖြတ်သန်းနိုင်မည်ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတများ ဆက်လက်ဆည်းပူးပြီး မှန်ကန်သည့်ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်သည်။ ထိုကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍာကို အထူးအလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ လူထိုင်းစာတတ်မြောက်စေရန်အတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားရာ၌ "နိုင်ငံတော်က ကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၃ ဒသမ ၉၃ သန်းတွင် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိပြီး စာတတ်မြောက်မှု ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၇ ဒသမ ၂၆ သန်းတွင် စာမတတ်သူ ၄ ဒသမ ၁ သန်းခန့်ရှိပြီး စာတတ်မြောက်မှုနှုန်း ၈၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း။ နိုင်ငံတော်၏ ကျေးလက်ဒေသနှင့် အစွန်အဖျားနေရာများတွင် ပြည်သူများ၏ စာတတ်မြောက်မှုနှုန်း နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း။ ယခင်က တစ်နိုင်ငံလုံး စာမတတ်သူပပျောက်ရေးအတွက် အသုံးလုံးသင်တန်းများဆောင်ရွက်ပြီး အောင်မြင်မှုများရရှိခဲ့သည့် အတွက် ယခုအခါတွင် ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျား ဒေသများရှိ ပြည်သူအားလုံး စာတတ်မြောက်ရေး ဆောင်ရွက်ပေးရန်လိုအပ်လာသည့်အတွက် အလေးထားဆောင်ရွက်ခဲ့ကြောင်း။ ထို့ကြောင့်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၉၂ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရကြောင်း။ ကျန်ရှိနေသေးသည့် စာမတတ်သူဦးရေကိုလည်း နှစ်အလိုက် ထိရောက်စွာလျော့ချနိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းသွားကြရမည်ကို အသိပေးမှာကြားလိုကြောင်း" ပြောကြားခဲ့သည်။

ဘဝအတွက် ပိုမိုပြည့်စုံရန်၊ ဗဟုသုတကြွယ်ဝရန်၊ အသိပညာပြည့်ဝရန်အတွက် စာတတ်သူတိုင်းစာဖတ်ကြရန်ကိုလည်း စိမ်းဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ရွှေထီးတော်အဆင့်ဆင့်တင်လှူပူဇော်ပွဲ ကျင်းပ

အမရပူရ စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်၊ ရွှေကွန်ချာအုပ်စေတီတော်၊ ပရဝုဏ်အတွင်းရှိ ပြန်လည်ပြုပြင်ပြီးစီးသွားသော "ခန့်"ဆုတောင်းပြည့်စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်အဆင့်ဆင့် တင်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ အမရပူရမြို့နယ်၊ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆင်ဖြူမယ်စာသင်တိုက်၏ ပဓာနနာယက ဆရာတော်၊ ရွှေကွန်ချာအုပ်ဆရာတော် ဘဒ္ဒန္တခေမာသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး အလှူရှင် ဦးအောင်နိုင်စိုး၊ ဒေါ်အိအိထွန်း (သား)မောင်ခန့်ထက်နိုင်၊ (သမီး)မချောရတိနိုင် (ခန့်မုန့်တိုက်နှင့် ဂျက်စီကာမုန့်တိုက်) မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



ရှေးဦးစွာ ဧည့်ပရိသတ်များက အမရပူရမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ဖွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ အလှူရှင်မိသားစုက ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးကြေး၍ "ခန့်"ဆုတောင်းပြည့်စေတီတော်သို့ တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်အဆင့်ဆင့်တို့ကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံဆက်ကပ်ကြသည်။

ထို့နောက် ရွှေကွန်ချာအုပ် ဆရာတော်နှင့် အလှူရှင်မိသားစုက စိန်ဖူးတော်နှင့်ရွှေထီးတော် အဆင့်ဆင့်တို့ကိုကိုင်ဆောင်ကာ ရွှေကွန်ချာအုပ်စေတီတော်ကြီးအား လက်ယာရစ်ပူဇော်ကြပြီး နောက် မင်္ဂလာအချိန်တွင် "ခန့်"ဆုတောင်းပြည့် စေတီတော်အထွတ်သို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်အဆင့်ဆင့်တို့ကို တင်လှူပူဇော်ကြပြီး ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြကာ အခမ်းအနားကိုရပ်သိမ်းလိုက်သည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် အလှူရှင်မိသားစုက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြပြီး ဧည့်ပရိသတ်များအား နံနက်စာထမင်းနှင့်ဟင်းများ ကျွေးမွေးကုသိုလ်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။ **(၈၅၃)**

o–o–o–o–o–o
o–o–o–o
o–o–o

နှစ်ရှည်နာမကျန်း စာရေးဆရာ၊ သတင်းစာဆရာအား အလှာစုံမှ စုပေါင်းထောက်ပံ့

မန္တလေး စက်တင်ဘာ ၉

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)နေ စာရေးဆရာ၊ သတင်းစာဆရာ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်) ၈၀ နှစ်သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၃ ရက်မှ ယနေ့အထိ ဆေးဝါးကုသမှုခံယူလျက်ရှိရာ စက်တင်ဘာ ၉ ရက်က အလှာစုံမှ စာရေးဆရာ၊ သတင်းစာဆရာ၊ စာပေဝါသနာရှင်များက ၆၆ လမ်း၊ ၃၇ လမ်းထောင့် နေအိမ်တွင် စတုတ္ထအကြိမ် စုပေါင်းထောက်ပံ့ခဲ့ကြသည်။

ရန်ကုန်မြို့နေ စာရေးဆရာ မေမြို့ဆွေလင်းက ငွေကျပ်တစ်သိန်း၊ မော်လမြိုင်မြို့နေ စာရေးဆရာ သားအောင်မြင့်(ဖားကန့်) က ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့နေ ဒေါက်တာ ခင်မောင်ထွန်း (မီးယပ်သားဖွားအထူးကုပါရဂူ၊ လန်ဒန်)က လစဉ်ဆေးဖိုး ငွေကျပ်နှစ်သိန်း၊ ဒေါက်တာ ခင်ဝင်းသန်း (ကလေးအထူးကုပါရဂူ၊ လန်ဒန်) က ပေါ်ဆန်းမွေးဆန် ငါးအိတ်၊ တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံ ဓာတ်ခွဲမှူး ကိုဌေးလေးက ငွေကျပ်တစ်သိန်း၊ ဒေါ်ဝင်းမေ(မြို့နယ်သမဝါယမဦးစီးမှူး)က ငွေကျပ်တစ်သိန်း၊ ဒေါ်ကေသီဝင်း(တိုင်းကျန်းမာ၊ ကျိုက္ကဆံ)က ငွေကျပ်တစ်သိန်း၊ ဒေါ်မိမိထွေး(အလပ်)က ငွေကျပ်တစ်သိန်း၊ မြန်မာ့သနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ငွေကျပ်တစ်သိန်း၊ ကဗျာဆရာ စောချိုသာက ငွေကျပ်တစ်သိန်း၊ ဒေါ်သန်းသန်းဝင်း(ကထိက-ရူပဗေဒ)က ငွေကျပ်တစ်သိန်းနှင့် ဖိနပ်နှစ်ရန်၊ ရွှေဘိုမြို့နေ စာရေးဆရာ မြတ်သာထွန်း(ရွှေစံပြ)က ငွေကျပ်တစ်သိန်း၊ လားရှိုးမြို့နေ ဦးကျော်သဲအောင်(ရွှေဘို)က ငွေကျပ်တစ်သိန်း၊ ဩစတြေးလျနေ ဒေါက်တာ တင့်ဆန်းက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့နေ ဒေါ်အေးစုမြတ်က ငွေကျပ်ငါးသောင်းတန် မျက်မှန်နှစ်လက်နှင့်သိုးမွေးအုပ် ထုပ်တစ်လုံး၊ မန္တလေးမြို့နေ ဒေါ်စန်းစန်းမြင့်(မနီ)က ရေဒီယိုတစ်လုံး၊ ကသာမြို့နေ ဦးလှဝေ(မြို့နယ်စည်ပင်ဦးစီးမှူး)က ငွေကျပ်တစ်သိန်း၊ မုံရွာမြို့နေ ဦးမျိုးဝင်း(တိုင်းမြေစာရင်း)က ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် စာရေးဆရာမ ဒေါ်ခင်မိုးမိုးညိမ်း (ထွေးငယ်-မန်းတက္ကသိုလ်)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(၃၄၂)**

ဇမ္ဗူသီရိမြို့နယ်၊ အလျင်လိုကျေးရွာ၌ သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်းဖွင့်လှစ်ပို့ချ

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက အလျင်လိုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လွင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဘဌေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ သင်တန်းတွင် ပို့ချသင်ကြားပေးမည့် ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သင်တန်းကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် သင်တန်းနည်းပြများက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံပင်အကြောင်းအကျန်များမှ မြေဆွေးပြုလုပ်နည်း၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး သဘာဝမြေဩဇာ ပြုလုပ်ပုံနည်းလမ်းများနှင့် သုံးစွဲနည်းစနစ်များ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများ အကြောင်းကို စက်တင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ အလျင်လိုကျေးရွာအုပ်စုမှ သင်တန်းသား ၁၅ ဦး တက်ရောက်သင်ကြားကြကြောင်း သိရသည်။ **(၄၄၅)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/ဒေ.စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆ ၂၂ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

ကျား၊ မရေးရာအကြမ်းဖက်မှု အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရေး၊ အကြမ်းဖက်ခံရသူများအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ထိရောက်စွာပေးအပ်နိုင်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကာကွယ်ဖြင့်တင်ပေးနိုင်ရေးတို့အတွက် ဝန်ကြီးဌာနများမှဝန်ထမ်းများကို ဖွင့်လှစ်ပို့ချပေးမည့် **"ကျား၊မအခြေပြုအကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သင်တန်း"**ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒဂုံဇာသီရိမြို့နယ်ရှိ Hotel Amara ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လက်ထောက် အတွင်းဝန်၊ အမျိုးသမီးရေးရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ဘာသာရပ်ပို့ချမည့်သူများ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသမီး တစ်ဦးချင်း အပေါ်သာမက ၎င်းတို့နှင့်ဆက်စပ်နေသော လူ့အသိုင်းအိုင်းများနှင့် လူ့အဖွဲ့အစည်းအတွက် ပြင်းထန်သော ထိခိုက်မှုများ ဖြစ်ပေါ်စေကြောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များအား ဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နေပါကြောင်း၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်တစ်ခုကို ဖြေရှင်းရာတွင် ရဲတပ်ဖွဲ့အနန်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဥပဒေ ရေးရာကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ လူမှုရေးရာကဏ္ဍ၊ အမျိုးသမီးရေးရာကဏ္ဍ စသည့် ကဏ္ဍများရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် လည်း ဥပဒေရေးရာကိစ္စရပ်များ၊ လူကုန်ကူးခံရသူများအတွက် ဆောင်ရွက်ပေးမှုများ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်နှင့်ပတ်သက်၍ အခြေခံသဘောတရားများ၊ ကျား၊ မရေးရာ အခြေပြု အကြမ်းဖက်မှုအတွက် ဝန်ဆောင်မှုပေးသူ တစ်ဦးအနေဖြင့် လိုက်နာရမယ့်အခြေခံမူများ၊ လုပ်ငန်းစဉ်များကို ပို့ဆိုနားလည်သဘောပေါက်လာကြမည် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ဝန်ကြီးဌာနငါးခုနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလသုံးရက်တာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ

အမှတ်(၁) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ယနေ့အခမ်းအနားသည် တောင်ကြီးမြို့နယ်အတွင်းရှိ "School Milk Program" အစီအစဉ်ဖြင့် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ၏ အာဟာရပြည့်ဝမှုနှင့် ကျန်းမာဖွံ့ဖြိုးမှုကို အားပေးရန် ရည်ရွယ်၍ ပေါင်းတင်ပို့သတ်ပြီး အသင့်သောက် နွားနို့များအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း စတင်၍ တိုက်ကျွေးဆောင်ရွက်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဓနို့၊ ပြည်နယ်ဝန်ကြီးများက အသင့်သောက်နွားနို့များကို ဆရာမ၊ ကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။

ယင်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးသာယာရှိ ပေ(၉၀ x ၃၀) တစ်ထပ် RCC စာသင်ဆောင်အသစ် ဆောက်လုပ်နေမှုကို လည်းကောင်း၊ အေးသာယာမြို့ စက်မှုဇုန်ရှိ ဓုတ်ဖွားရွက်ဖုန်းမြေဩဇာထုတ်လုပ်ရေးစက်ရုံ၌ ရွက်ဖုန်းမြေဩဇာဆေးထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

❖ ပွင့်ဖြူမြို့နယ်မှ

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲမျိုးစုံသီးနှံဧက ၇၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အောက်တိုဘာလလောက်မှာ စတင်စိုက်ပျိုးသွားမှာဖြစ်ပြီး တောင်သူတွေကိုလည်း ပဲမျိုးစုံသီးနှံစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းများ ပိုမိုရရှိအောင် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေး သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲကြဖို့ ပညာပေးတာတွေကို ကွင်းဆင်းကြေးကြပ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကုလားပဲ ၅၆၀၅၁ ဧက၊ မတ်ပဲ ၇၂ ဧက၊ ပဲကြီး ၄၇၁၃ ဧက၊ စားတော်ပဲ ၃၃၁၂ ဧက၊ ပဲလွမ်း ၃၂၃၃ ဧက၊ ပဲနောက် ၄၁၇ ဧက၊ ပဲယင်း ၈က ၂၃၀၊ ပဲကျား ၂၂ ဧက၊ ထောပတ်ပဲ ၈က ၉၅၈၀၊ အခြားပဲသီးနှံ ၉၄၅ ဧက စုစုပေါင်း ပဲမျိုးစုံသီးနှံ ၇၈၅၇၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့်ချိတ်ဆက်၍ ဒေသခံတောင်သူများကို လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုပစ္စည်းများ၊ ပိုးမွှားကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်နိုင်ခန်းရမည့် နည်းလမ်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

* မော်တော်ယာဉ်မောင်းနှင်မှမှ

စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် လည်ပတ်စေရန်တို့အတွက် အထက်ပါထုတ်ပြန်ခဲ့သည့် ပြည်သူသို့ အသိပေးကြေညာချက်များအား ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၉ ရက်မှစတင်၍ ပယ်ဖျက်လိုက်သည်။

၃။ မော်တော်ယာဉ်များအား "စုံ" ရက်၊ "မ" ရက် ခွဲခြားမောင်းနှင်မှုအစား ပုံမှန်အတိုင်းပြန်လည် မောင်းနှင်နိုင်ပါကြောင်းနှင့် နိုင်ငံတော်စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်း စနစ်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသော "စုံ" / "မ" ရက်စနစ်-QR Code သတ်မှတ်ချက်နှင့်အညီ ဆက်လက် ဝယ်ယူရန်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်သမ္မတရုံး

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်း(၁/၂၀၂၆) ဆင်း

မန္တလေး စက်တင်ဘာ ၉



မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွန်းကျင်မှလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ကြီးမှူးကျင်ပသော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာကော်မတီဝင်များအတွက် သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို အဆိုပါကျောင်းရှိ သင်တန်းခန်းမ၌ စက်တင်ဘာ ၉ ရက်မွန်းလွဲ ၁နာရီက ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီးဦးလုကြွယ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား လပ်ကီးသောက်ရောသန့်စက်ရုံမှ ဒါရိုက်တာဦးမျိုးသန့်က ကျေးဇူးတင်စကားပြောကြားကာ စုဝေါင်း လက်မှတ်ဓာတ်ပုံများ ရိုက်ခဲ့သည်။ အဆိုပါ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်း (၁/၂၀၂၆) ကို စက်တင်ဘာ ၇ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၈၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ဖြိုးဇင်(ခရိုင်၊ ပြန်/ဆက်)

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

တစ်မျိုးသားလုံး ကျန်းမာကြံခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ လူငယ်မျိုးဆက်သစ် ဂျူဒိုအားကစားသမားများ ပေါ်ထွက်လာစေရေး၊ အရည်အသွေးမြင့် လက်ရွေးစင်အားကစားသမားများ ရွေးချယ်မွေးထုတ်ပေးနိုင်စေရေးနှင့် မြန်မာ့ဂျူဒိုအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(C)၌ ကျင်းပသည်။



ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဦးသန်းမောင်နှင့် ဦးမောင်မြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌအားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌဦးထွန်းထွန်းနှင့် တာဝန်ရှိညှိနှိုင်းသူများအပါအဝင် ထားသည့်ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များပေးအပ်ကာ ပြိုင်ပွဲတွင်ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဓမ္မာသီရိ မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂျူဒိုအမျိုးသား (-၃၈)ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ဇင်ညီညီ(ပဲခူး)နှင့် သန်းထက်ဦး (နေပြည်တော်) အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ ဂျူဒိုအမျိုးသမီး (-၄၈)ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ခင်ပိုးပိုးအောင် (မန္တလေး)နှင့် နန်းဖြူသဇင်ဦး (ဧရာဝတီ)တို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ပြိုင်ပွဲကာလ လေးရက်ကြာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်းစုစုပေါင်း ၂၉၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■ ရှေ့ဖုံးမှ

အဆိုပါ မိုးစပါးစိုက်ခင်းများ တစ်ဧကေ ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးကွင်းသရုပ်ပြခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ပြီး အချိန်ကိုက်သုံးစွဲရေး ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆) သင်တန်းဖွင့်

အောင်လံ စက်တင်ဘာ ၉

အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ ကသစ်ကန်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယမန်နေ့ ခံနက် ၉ နာရီက ကသစ်ကန်နယ်မြေမီးသတ်စခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အရန်မီးသတ် တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

ခရီးသည်တင်ယာဉ် ၃၅၅ စီးနှင့် ကုန်တင်ယာဉ် ၂၅၁ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်

နေပြည်တော် စက်တင်ဘာ ၉

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ခရီးသည်တင်ယာဉ်များနှင့် သတ်မှတ်ခွင့်ပြုထားသည့် ကုန်စည် ၁၄ မျိုးသာ တင်ဆောင်ရမည့် ကုန်တင်ယာဉ်ကြီးများသည် Telematics GPS စနစ်တပ်ဆင်ပြီးမှသာ လမ်းအသုံးပြုခွင့်ရမည် ဖြစ်ကြောင်း သိရသည်။



ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးပေါ်တွင် Telematics စနစ် GPS စက်များ တပ်ဆင်ပြီး ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ခရီးသည်တင်ယာဉ် ၃၅၅ စီးနှင့် ကုန်တင်ယာဉ် ၂၅၁ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထိုပြင် နေပြည်တော် စီလမ်းဆုံတိုးလ်ဂိတ်ရှိ Telematics Command & Control Center က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသည့် ခရီးသည်တင်ယာဉ်များ သတ်မှတ်အရှိန်နှုန်း ကီလို ၉၀ အတွင်းသာ မောင်းနှင်စေရေး၊ ယာဉ်မရပ်ရသည့် နေရာများတွင် ရပ်တန့်မှု မရှိစေရေးတို့အတွက် တယ်လီဖုန်းဖြင့် သတိပေးခြင်းကို ၂၄ နာရီ ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ Telematics Command & Control Center ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (ရန်ကုန်-နေပြည်တော် လမ်းပိုင်း) ရှိ တိုးလ်ဂိတ်များရှိ CCTV အခန်းများ၊ ငွေကောက်ခံမှုစနစ်များ၊ နည်းပညာဆိုင်ရာ ဆောင်ရွက်ထားမှု၊ ကတ္တာပေါ်ခြွဲ ယာဉ်များ ချိန်တွယ်၍ ဖြတ်သန်းမောင်းနှင်သွားလာနေမှုနှင့် တိုးလ်ဂိတ် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုးလ်ဂိတ် အဆောက်အအုံများကို သတ်မှတ် အင်္ဂါရုပ်များနှင့်အညီ ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ယာဉ်များ သတ်မှတ်တန်ချိန် ကျော်လွန်မှု မရှိစေရေး ကြီးကြပ်ဆောင်ရွက် သွားရန်၊ တိုးလ်ဂိတ်ရှိ TFI Display Board များ၊ Barrier မောင်းတံများ၊ ကတ္တားများ၊ CCTV Camera များ၊ Computer နှင့် စပ်ဆက်ပစ္စည်းများ အမြဲတမ်းကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ ပစ္စည်းများ ပျက်စီးမှု ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားရန်၊ လမ်းအသုံးပြုခကောက်ခံရရှိမှု စာရင်းဇယားများ စနစ်တကျ မှန်ကန်မှုရှိစေရန် မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်း၊ တံတားပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေး၀ဲ/ယာတို့၌ သစ်ပင်စိုက်ပျိုးနေမှုနှင့် ဆွာချောင်းတံတား (အသွားလမ်း) တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

✣ ခိုလမ်မှ

သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး ပြုစုထိန်းသိမ်းရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိပြီး အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေများတွင် ကြိုးပိုင်း/ကြိုးပြင်ကာကွယ်တောများတိုးချဲ့ဖွဲ့စည်းလာနိုင်ခြင်းဖြင့် သစ်တောနယ်မြေများ တိုးပွားလာစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

ခိုလမ်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော အင်ကြင်း၊ ထင်းရှူး၊ သစ်ယား၊ ထောက်ကြံ၊ ယမနေ၊ သစ်မန်ကျည်း၊ သစ်နီ၊ ရင်းစပ်၊ သစ်စေး၊ ဆီးဖြူ၊ ကြို့၊ ရင်းတိုက်၊ လက်ပံနှင့် မြင်ဝါးတောများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဝက်ဝံ၊ ယုန်၊ တောဝက်၊ ခွေး၊ တောကြောင်၊ ကြက်တူရွေး၊ ဗျိုင်းငှက်များ၏ နေရင်းဒေသများ ထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ်ပိုမို ကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ချပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်
မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)သို့ တက်ရောက်



မန္တလေး စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများ မရှိစေရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ လယ်ယာမြေနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် အညီ အလေးထားကာ ဆောင်ရွက်သွားရေး၊ ခွင့်ပြုထားသည့် လုပ်ငန်းများကိုလည်း သတ်မှတ်ခွင့်ပြုထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ဌာနမှာက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ တိုင်းဦးစီးမှူးက လယ်ယာမြေဥပဒေ ပုဒ်မ-၃၀(က၊ ခ)အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားတင်ပြလာသည့် အမှုတွဲများအား ရှင်းလင်းတင်ပြပြီး နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀

ကျေးလက်လူငယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



ကျောက်ဆည် စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ ကျေးလက်လူငယ် လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အလုပ်အကိုင်ဖန်တီးနိုင်သော လူငယ်များဖြစ်လာစေရေး ကြိုးစားကြရန် အမှာစကားပြောကြားခဲ့ပြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)မှ ကျောင်းအုပ်ကြီး ဒေါက်တာမျိုးသူက အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဌေးအောင်က လူငယ်ဖွံ့ဖြိုးမှုကဏ္ဍ၊ အရိုးရန်ည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ကျောင်းအုပ်ကြီး ဒေါက်တာ ဇာနည်ထွန်းက လူငယ်နှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျေးလက်လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၀ ဦးဖြင့် ကျေးလက်လူငယ်များ၏ လိုအပ်ချက်များနှင့် အကြံပြုဖြေရှင်းနည်းများ၊ ကျေးလက်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းခေါင်းစဉ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

တင်တင်ထွေး

ပန်းတိုင်သီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ်နှင့် ၂၀၂၆-၂၀၂၇ ခုနှစ် ပန်းတိုင်သီးနှံ (၁၄)မျိုး စိုက်ပျိုးထားရှိမှု၊ လျာထားချက်အခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အစည်းအဝေးတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံး တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က အဖွင့်အမှာစကား ပြောကြားပြီး ဆီထွက်ဇုန် တာဝန်ခံများက လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်၊ မြို့နယ်အလိုက် ၂၀၂၅-၂၀၂၆ ခုနှစ် ပန်းတိုင် အထွက်နှုန်းရရှိရေး စိုက်ပျိုးဆောင်ရွက်နိုင်မှုအခြေအနေများ နှင့် ၂၀၂၆-၂၀၂၇ ခုနှစ် ပန်းတိုင် အထွက်နှုန်းရရှိရေး လျာထားဆောင်ရွက်နိုင်မှု အခြေအနေများ၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ နွေထယ်ရေးခင်းနှင့် သဘာဝမြေဆွေးများ ထည့်သွင်းနိုင်မှု အခြေအနေများ၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျော့)ထည့်သွင်းနိုင်မှုအခြေအနေများနှင့် သီးနှံအလိုက်စံပြကွက်၊ စမ်းသပ်ကွက်လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဓာတ်မြေဩဇာများ ဖြန့်ဖြူးဆောင်ရွက်နိုင်မှုအခြေအနေများ နှင့် ပညာပေးသင်တန်း၊ လက်တွေ့ကွင်းဆင်းသရုပ်ပြပွဲများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ဝါသီးနှံဇုန်တာဝန်ခံများနှင့် ခြံတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာနမှူးက လိုအပ်သည်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

၀၆၉

၀-၀-၀-၀-၀



အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်



မင်းလှ စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စု ရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းကို ယမန်နေ့နံနက် ၁၁ နာရီက ပန်းတော်ပြင်ကျေးရွာ တောင်သူ ဦးစိန်သောင်း၏နေအိမ်၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိုက်စိုးဦးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်တို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ သဘာဝမြေဩဇာနှင့် EM ဖျော်ရည်ပြုလုပ်နည်းသင်တန်းတွင် သင်တန်းနည်းပြအဖြစ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းက တောင်သူ ၂၀ ဦးအား လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်တာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

☆ စာမျက်နှာ ၂၄ မှ

အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးသည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ အတိုးတက်ဆုံး အားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်နဲပါတ် (၁၆) မောင်ဇော်မင်းခန့်အား ဆုငွေကျပ် သုံးသိန်းကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူက လည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမား ဆုရရှိသည့် ကျော်နဲပါတ် (၃) မောင်ဇင်မင်းဦးအား ဆုငွေကျပ် သုံးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ကလည်း ကောင်း၊ အတိုးတက်ဆုံးအသင်းဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းအား ဆုငွေကျပ် ငါးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် ဗိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းအား Tropy နှင့် ဆုငွေကျပ် ခြောက်သိန်းကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းအား Tropy နှင့် ဆုငွေကျပ် ခြောက်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါစန်းစန်းနွယ်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် ၁၀ သိန်းကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းကလည်း ကောင်း၊ အမျိုးသားလေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် ၁၀ သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် သိန်း ၂၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန်းက လည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် သိန်း ၂၀ ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် သိန်း ၃၀ ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က လည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် သိန်း ၃၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဝန်ကြီးဗိုလ်ချုပ်ကြီးဖုန်းမြတ်က လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ်နှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်း ကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ စက်တင်ဘာ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ပြိုင်ပွဲကာလ ခုနစ်ရက်ကြာ ကျင်းပရာ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၇ သင်း စုစုပေါင်း ပြိုင်ပွဲဝင် ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မကွေး စက်တင်ဘာ ၉

(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သက်လွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်းအင်အား ၃၅၆ ဦးတို့ဖြင့် မကွေးမြို့အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပေါင်းမြက်များရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဧရိယာများ၊ ဖိတ်ကြားထားသူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ ကို ကြည့် ရှု အား ပေး ခဲ့ ကြောင်း သိရသည်။

(ဝဲပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေးကုသပေးခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကျိုင်းတုံ စက်တင်ဘာ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေးကုသပေးခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာနီနီခိုင်က သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေးကုသပေးခြင်းဆိုင်ရာလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဟုန်၊ ခရိုင်ဦးစီးမှူး ဒေါက်တာအိအိဝင်း၊ ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတိုးမောင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တာဝန်ခံ ဒေါခင်စန္ဒာဦးနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရပ်၊ ရွာလူထုအတွင်းရှိ အမျိုးသမီးငယ်များကို သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေးကုသပေးမည့်လုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး သတင်းပေးအကြောင်းကြား ဆောင်ရွက်မည့်အစီအစဉ်များ၊ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးလွှမ်းခြုံမှုရှိစေရေး ပြည်သူလူထုအခြေပြု၊ ကျောင်းအခြေပြုထိုးနှံခြင်း အစီအစဉ်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးရှိ သားဖွားမီးယပ်ကုသဆောင်တွင် ပြည်သူများအား သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် (အခမဲ့)စစ်ဆေးကုသပေးနေမှုအား တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

ထောပတ်ပဲ ကေ ၉၅၀ လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဇက ၉၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၉၅၀ ဇက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ထောပတ်ပဲ စိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး သတ်မှတ်စိုက်ဇကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းများ ရရှိစေရန် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ထောပတ်ပဲ အပါအဝင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများ အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးနည်းပညာပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)

o-o-o-o-o



နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၉

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ နန်းရှေ့ရှိ မုဒိတာကိုယ်ပိုင်အထက်တန်းကျောင်းတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်သီချင်း သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တိုးက အဖွင့်အမှာစကား ပြောကြားသည်။ **(ယာဝုံ)**

ထို့နောက် ဆရာမဒေါခိုင်သက်မွန်က 'စာတတ်မြောက်ခြင်း မှသည် ဒီဂျစ်တယ်ခေတ် အသိပညာဆီသို့' ခေါင်းစဉ်ဖြင့်လည်း ကောင်း ဟောပြောကြသည်။

ဆက်လက်၍ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာ့ကျောင်းသီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (PNT)



နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

အောင်မြင်ရန် သုညဘဝမှ စတင်ခဲ့သည့် BTS

K Pop လောကတွင် ထိပ်ဆုံး၌ ရပ်တည်နေသည့် BTS အဖွဲ့မှာ အောင်မြင်ရန် အထောက် အပံ့မရှိ စတင်ခဲ့သည့် သုညဘဝမှ ကျော်ကြားလာကြသူများဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ကြေးပတ်လည်ပိုင်နေသည့် Big Hit ကုမ္ပဏီတိုက်ခန်းအစုတ်၏ မြေအောက်ခန်းထဲတွင် လေ့ကျင့်ခဲ့ရပြီး တစ်နေ့စားသောက်စရိတ် ငါးဒေါ်လာနှင့် အဖွဲ့ဝင် ခုနစ်ဦး ခေါက်ဆွဲပြုတ် ပိုင်းစား၍ ဗိုက်ဖြည့်ခဲ့ရသည်။ အခန်းကျဉ်းထဲ ခုနစ်ဦး ပခုံးချင်းထိအိပ်ခဲ့ရကာ အဝတ်ကို လက်နှင့် လျှော်ခဲ့ရသည်။

Rapper လောကတွင် RM နှင့် Suga ကို လူသိရှင်ကြား စော်ကားခံရပြီး မိန်းမလျာများဟု ဖော်ပြသည်။

ခေါ်ဆိုခံရခြင်း၊ ဂီတဆုပေးပွဲများတွင် နေရာမရခဲ့ဘဲ အောင်မြင်စတွင် နံပါတ်(၁)ရရန် ငွေပေးဝယ်သည်ဟု စွပ်စွဲခံရခြင်း၊ TV Show များတွင် ပါဝင်သောအပိုင်း ဖြတ်ချခံရခြင်း၊ ၂၀၁၈ ခုနှစ်တွင် အဖွဲ့ဖျက်ရန်အထိ ဖိအားနှင့် အမုန်းစကားများပြားခဲ့ခြင်းတို့ကို ခုနစ်ဦးစည်းလုံး၍ "နောက်ဆုံးတစ်ခေါက်လောက် ကြိုးစားကြည့်ရအောင်" ဆိုကာ ဆက်လျှောက်ခဲ့ကြသူများ ဖြစ်သည်။

(SKY)

Twice မှ Jihyo အနုပညာလမ်းဖောက်ပေးသူများကို ကျေးဇူးတင်

နာမည်ကြီး K Pop အမျိုးသမီးအဖွဲ့ Twice မှ Jihyo သည် လက်ရှိအောင်မြင်မှုများစွာ ပိုင်ဆိုင်ထားပြီး ခြေလှမ်းသစ်ချနိုင်ရန် လမ်းဖောက်ပေးခဲ့သည့် BTS အဖွဲ့ကို နာမည်တပ်၍ ကျေးဇူးတင်စကားပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

K Pop လောကတွင် အောင်မြင်နေသော်လည်း BTS Paved the Way ဆိုသည့် စကားလုံးကို အေးဆေးတည်ငြိမ်စွာ ထုတ်ဖော်ပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားအနုပညာရှင်များအတွက် BTS လို စီနီယာ အဖွဲ့က လမ်းသစ် Western တွင် လမ်းဖောက်ပေးခဲ့သဖြင့် ပိုမို အသိများလာကာ အခွင့်အလမ်းများပြီး ဖောက်ပေးသောလမ်းကို လျှောက်လှမ်းခဲ့ရ၍ ကျေးဇူးတင်စကား Interview တစ်ခုတွင် ဖြေကြားခဲ့သည်။

တတိယမျိုးဆက်သစ်အဖွဲ့ဝင် အချင်းချင်း အငုံစိတ်မရှိ ထောက်ခံအားပေးခဲ့သော Twice မှ Jihyo ကို ပရိသတ်များက ချီးကျူးမဆုံး ဖြစ်နေကြသည်။

(SKY)



Jang Nara ၏ အေဂျင်စီမှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာရှိ

ထိပ်တန်းမင်းသမီး Jang Nara ၏ အေဂျင်စီမှ ဝန်ထမ်းတစ်ဦး သေဆုံးကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြဿနာများမှာ မသက်ဆိုင်ကြောင်း တရားဝင်ပြောကြားထားသည်ဟု ကိုရီးယားဆိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါအေဂျင်စီမှ ဝန်ထမ်းတစ်ဦး သေဆုံးသည်မှာ မှန်ကန်ကြောင်း အတည်ပြုခဲ့ပြီး အသေးစိတ်အချက်အလက်များ စုံစမ်းစစ်ဆေးခဲ့ကာ လက်ရှိအေဂျင်စီအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြဿနာနှင့် သက်ဆိုင်မှုမရှိဟု ရှင်းလင်းပြောကြားခဲ့သည်။

Jang Nara ၏ အေဂျင်စီမှ ဝန်ထမ်းသေဆုံးသည့်အခြေအနေတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေကြောင်း စာတစ်စောင် ထားရစ်ခဲ့သည်။ အေဂျင်စီအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုဖြစ်ပွားနေ၍ ပရိသတ်များက ထင်ကြေးမျိုးစုံပေးထားကြကာ မင်းသမီး Jang Nara မှာ အေဂျင်စီကြောင့် နာမည်ထိခိုက်မည်ကို ပရိသတ်များက စိုးရိမ်တကြီး စောင့်ကြည့်နေကြသည်။

(SKY)

Allu Arjun က Pushpa:The Rise နှင့် အောင်မြင်မှုရ

ဘောလိဝုဒ် အနုပညာရှင် Allu Arjun သည် Pushpa: The Rise နှင့် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုနှင့် အတူ အောင်မြင်မှုများစွာ ရရှိထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင် အောင်မြင်မှုအတွက် ဂုဏ်ပြုပွဲကျင်းပခဲ့ရာ Allu Arjun က Pushpa ဇာတ်ကောင်စတိုင်လ် ဆံပင်အရှည်၊ မုတ်ဆိတ်မွေးနှင့် Pushpa Jacket ကို ဝတ်ဆင်ကာ ဇာတ်ဝင်ခန်းအမူအရာ လုပ်ပြခဲ့၍ တက်ရောက်ခဲ့ကြသူများ ချီးကျူးစကား ပြောကြားထားကြသည်။

Allu Arjun နှင့်အတူ မင်းသမီး ရပ်ရှိမီကာမန်ဒါနာလည်း ပွဲတွင် အတူရှိခဲ့ပြီး သူ၏ အောင်မြင်မှုကို ဂုဏ်ပြုခဲ့ကာ Pushpa ရုပ်ရှင်အဖွဲ့သားများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

Allu Arjun ၏ အောင်မြင်မှုမှာ Pushpa နှင့် စတင်ခဲ့ပြီးနောက် ဇာတ်ကားများစွာနှင့် ထပ်မံ၍ အောင်မြင်မှုများ တရိပ်ရိပ် မြင့်မားလာခဲ့သည်။

(SKY)





သကြားဓာတ်ပါဝင်သော အချိုရည်များကို နေ့စဉ်သောက်သုံးလျှင် အစာအိမ်ကင်ဆာ ဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်မားနိုင်

သကြားဓာတ်ပါဝင်သော အချိုရည်များကို နေ့စဉ်သောက်သုံးသည့် လူကြီးများသည် အစာအိမ်ကင်ဆာ ဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်ဟု မကြာသေးမီက ထွက်ပေါ်လာသော သုတေသနရလဒ်တစ်ခုတွင် ဖော်ပြသည်။

အမေရိကန်လူကြီးများ၏ ၆၅ ရာခိုင်နှုန်းခန့်သည် အနည်းဆုံး အချိုရည်တစ်ခွက်ကို နေ့စဉ်သောက်သုံးနေကြသဖြင့် သကြားဓာတ်ပါဝင်သော အချိုရည်များသည် အမေရိကန်နိုင်ငံသား အများအပြား၏ နေ့စဉ်လူနေမှုဘဝတွင် ပါဝင်နေသည်ဟု ဆိုသည်။

မက်စ် ဂျာနရယ် ဘရစ်ဂမ် ကင်ဆာသုတေသနအဖွဲ့အစည်းမှ သုတေသီများသည် နေ့စဉ်အချိုရည်သောက်သုံးခြင်းသည် အစာအိမ်ကင်ဆာ ဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်မားခြင်းနှင့် ဆက်စပ်နေကြောင်း တွေ့ရှိခဲ့ပြီး သကြားအတုဖြင့်ပြုလုပ်ထားသော အချိုဓာတ်ပါ အချိုရည်များတွင်မူ ထိုကဲ့သို့ ဆက်စပ်မှုကို မတွေ့ရှိရကြောင်း အစာအိမ်ဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့သည်။

သကြားဓာတ်ပါဝင်သော အချိုရည်များနှင့် အစာအိမ်ကင်ဆာတို့အကြား ဆက်စပ်မှုကိုမူ ရှင်းလင်းစွာ မသိရှိရသေးသဖြင့် ထိုအချက်ကို စုံစမ်းစစ်ဆေးရန်အတွက် သုတေသီများသည် ဆန်းစစ်လေ့လာမှုနှစ်ခုတွင် ပါဝင်သူ ၁၁၂၈၄ ဦး၏ အချက်အလက်များကို လေ့လာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **(SCI)**

Suga@Min Yoongi က Maxico D2 တွင် နပန်းပွဲကြိုက်ကြောင်း ရင်ဖွင့်ထား

Maxico တွင် ကျင်းပနေသော ကမ္ဘာလှည့်ဖျော်ဖြေပွဲ၌ BTS အဖွဲ့ဝင် Suga (ခေါ်) Min Yoongi က နှစ်ရက်မြောက်နေ့တွင် နပန်းသမားများအကြောင်း ရင်ဖွင့်ပြောကြား၍ နပန်းပွဲကြည့်ရှုခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

BTS အဖွဲ့ဝင်အချို့ Maxico နပန်းပွဲသို့ သွားရောက်၍ သူတို့ ပရိသတ် Rey Mysterio ကို အားပေးခဲ့ကြပြီး ဖျော်ဖြေပွဲ နှစ်ရက်မြောက်တွင် Suga က ရင်ဖွင့်စကား ပြောကြားခဲ့သည်။

Suga သည် မူလတန်းကျောင်းသားဘဝက Professional နပန်းသမားများအကြောင်း အွန်လိုင်းတွင် Fan Cafe ဖွင့်ခဲ့ပြီး အကြိုက်ဆုံးကစားသမားမှာ WWE ထဲမှ Rey Mysterio, Eddie Guerrero, Roman Reigns နှင့် Undertaker တို့ကို ကြိုက်နှစ်သက်ခဲ့ကြောင်း၊ နပန်းပွဲတွင် ပျော်ရွှင်ခဲ့ပြီး နံနက်နိုးလာချိန် ရုပ်သံသတင်းတွင် နပန်းပွဲသွားကြည့်ကြောင်း ပါလာခဲ့သည်။

Maxico မှ လှပသည့် အမှတ်တရများနှင့် ထွက်ခွာတော့မည်ဖြစ်၍ ကျေးဇူးတင်ကြောင်း ပြောကြားထားသည်။

(SKY)




Drake ၏ Iceman ထဲတွင် ထူးခြားမှုတွေ့ရှ

ကမ္ဘာကျော် အဆိုတော် Drake ၏ Album သစ် Iceman တွင် Make Them Cry သီချင်းမှာ ထူးခြားမှုရှိကြောင်း တွေ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Album ထဲမှ Make Them Cry တွင် သူ့ကို လူများစွာ သိလာရန် အနုပညာခရီးတစ်လျှောက် ကြိုးစားလာခဲ့ရသည်မှာ BTS အဖွဲ့ကဲ့သို့ ခံစားရသည်ဟု ထည့်သွင်း၍ သီဆိုထားသည်။

BTS ဆိုသည်မှာ ကုမ္ပဏီအသေးလေးမှ ကမ္ဘာအဆင့်ထိ ရောက်ခဲ့သည့် အဖွဲ့ဖြစ်သော ကြောင့် Drake က သူတို့၏ ကြိုးစားမှုနှင့် အောင်မြင်မှုကို အသိအမှတ်ပြုခဲ့ခြင်းဖြစ်ပြီး သူ့ Album သစ် သီချင်းတွင် ထည့်သီဆိုထားသည်။



Drake ကိုယ်တိုင်လည်း ကမ္ဘာအကြီးဆုံး Rapper တစ်ဦးဖြစ်လာရန် အောက်ခြေမှစ၍ ကြိုးစားခဲ့ရသဖြင့် သူ့ဘဝ အောင်မြင်ရန် BTS ကဲ့သို့ ကြိုးစားခဲ့ရကြောင်း ခံစားမှု ထပ်တူကျခဲ့ပုံကို ချပြထားသည်။ **(SKY)**

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

သမ္မတ တိုလမ်နှင့် ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှုစတင် ကုန်သွယ်ရေးတိုးတက်မှုများဆောင်ရွက်ရန် သဘောတူညီ



မော်စကို စက်တင်ဘာ ၉

ဗီယက်နမ်သမ္မတ တိုလမ်သည် ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှုစတင်နှင့် စက်တင်ဘာလ ၈ ရက်က မော်စကိုမြို့၌ တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေးသည် ကြီးမားသော စွမ်းဆောင်ရည်များနှင့် ဖြည့်ဆည်းပေးနိုင်သည့် အားသာချက်များရှိနေသည်ဟု မှတ်ချက်ပြုကာ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုအားကောင်းသော တိုးတက်မှုများဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း စီအင်နဲ့အေသတင်းဌာနက ဖော်ပြသည်။

အထွေထွေအတွင်းရေးမှူးနှင့် သမ္မတ တိုလမ်၏ ရုရှားနိုင်ငံခြစ်ကြည်ရေးခရီးစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြုလုပ်ခဲ့သော အဆိုပါတွေ့ဆုံပွဲတွင် ဝန်ကြီးချုပ် မီရှုစတင်က ယခုခရီးစဉ်သည် လာမည့်ကာလများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် အချိုးအကွေ့တစ်ခု ဖြစ်လာမည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

သမ္မတ တိုလမ်က ရုရှားခေါင်းဆောင်များ၊ အစိုးရနှင့် ပြည်သူများ၏ နွေးထွေးစွာကြိုဆိုမှုအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပြီး သင့်တော်သောအချိန်အခါ၌ ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဗီယက်နမ်ဝန်ကြီးချုပ် လီမင်းဟုန်း၏ ဖိတ်ကြားချက်ကို ရုရှားဝန်ကြီးချုပ် မီရှုစတင်ထံ လွှဲပြောင်းဖိတ်ကြားခဲ့ကြောင်း သိရသည်။ **Mon**



ပထမရှစ်လအတွင်း ထိုင်းခရီးသွားလုပ်ငန်း တိုးတက်၊ တရုတ်ခရီးသွား ၃ ဒသမ ၅ သန်းကို လက်ခံကြိုဆို

ဘန်ကောက် စက်တင်ဘာ ၉

ထိုင်းနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း တရုတ်ခရီးသွား ၃ ဒသမ ၅ သန်းကို လက်ခံကြိုဆိုခဲ့ပြီး ယင်းပမာဏသည် ယခင်နှစ် အလားတူကာလထက် ၁၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သော်လည်း မလေးရှား၊ တောင်ကိုရီးယားနှင့် ဗြိတိန်တို့အပါအဝင် အခြားသော အဓိကဈေးကွက်များမှ ဝင်ရောက်မှုများ သိသာစွာ လျော့ကျသွားကြောင်း စီအင်နဲ့အေသတင်းဌာနက ဖော်ပြသည်။

အဓိကဈေးကွက် အများစုမှ လာရောက်သူ နည်းပါးသွားခြင်းကြောင့် မလေးရှားပြီးလျှင် အရှေ့တောင်အာရုတွင် ခရီးသွား ဒုတိယအများဆုံးဝင်ရောက်သည့် ထိုင်းနိုင်ငံသည် ဇန်နဝါရီလမှ ဇွန်လအထိ နိုင်ငံခြားခရီးသွား ၂၀ သန်း မှတ်တမ်းဝင်ခဲ့ပြီး ယင်းပမာဏသည် ယခင်နှစ် အလားတူကာလထက် ၃ ဒသမ ၀၈ ရာခိုင်နှုန်း လျော့ကျသွားခြင်းဖြစ်သည်ဟု ဆိုသည်။

မလေးရှားနိုင်ငံမှလာရောက်သူ ၁၁ ဒသမ ၈၇ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံမှ ၂၄ ဒသမ ၇၈ ရာခိုင်နှုန်းနှင့် ဗြိတိန်နိုင်ငံမှ ၃ ဒသမ ၄၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ဟု သည်နေ့ရှင်းထိုင်းသတင်း၌ ဖော်ပြထားကြောင်း သိရသည်။ **Mon**

o-o-o-o-o

ဆီမီးကွန်ဒက်တာနှင့် ဒေတာစင်တာဆိုင်ရာ ဝယ်လိုအားကောင်း စက်တင်ဘာလ ဂျပန်စီးပွားရေးဆိုင်ရာ ယုံကြည်မှု မြင့်တက်လာ

တိုကျို စက်တင်ဘာ ၉

ဆီမီးကွန်ဒက်တာနှင့် ဒေတာစင်တာဆိုင်ရာ ဝယ်လိုအားကောင်းမွန်မှုကြောင့် စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံ၏ အဓိက ကုန်ထုတ်လုပ်ငန်းကြီးများအကြား စီးပွားရေးဆိုင်ရာ ယုံကြည်မှုမှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံး အဆင့်သို့ မြင့်တက်လာခဲ့ကြောင်း စီအင်နဲ့အေသတင်းဌာနက ဖော်ပြသည်။

ကုန်ထုတ်လုပ်ငန်းများအတွက် စီးပွားရေးယုံကြည်မှုအညွှန်းကိန်းမှာ ဇီပြီလက အပေါင်း ၇ အဆင့်မှ ပုံမှန်ပြန်လည်ကောင်းမွန်လာခဲ့ပြီး ဩဂုတ်လတွင် အပေါင်း ၁၈ အဆင့် ရှိခဲ့ရာမှ ယခုအခါ အပေါင်း ၂၁ အဆင့်သို့ မြင့်တက်လာသည်။



ဂျပန်ဗဟိုဘဏ်၏ သုံးလတစ်ကြိမ်ထုတ်ပြန်သော စစ်တမ်းကို ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကောက်ယူခဲ့ခြင်း ဖြစ်ပြီး ကုမ္ပဏီ ၅၁၀ အနက် ၂၂၄ ခု၏ အကြောင်းပြန်ချက်များကို လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

ပန်းချီဆရာ ရေန္ဒား၏ အင်ပရက်ရှင်းနစ်လက်ရာ ပန်းချီကားနှစ်ချပ် ပြင်သစ်တောင်ပိုင်းရှိ ပြတိုက်တစ်ခုမှ ဦးယူခြင်းခံခဲ့ရသည်ဟု ဆို

ပဲရစ် စက်တင်ဘာ ၉

ပြင်သစ်တောင်ပိုင်းရှိ ပြတိုက်တစ်ခုမှ စိတ္တဇချီပန်းချီဆရာ ပီယဲ-ညြဂတ်စ် ရေန္ဒား၏ အင်ပရက်ရှင်းနစ်လက်ရာ ပန်းချီကားနှစ်ချပ် မကြာသေးမီက ခိုးယူခြင်းခံခဲ့ရကြောင်း သိရသည်။

ယမန်နေ့နံနက်စောစောပိုင်းက ကန်းညင်း-ဆူ-မဲရ်မြို့ရှိ ရေန္ဒားပြတိုက်အတွင်းသို့ သူခိုးနှစ်ဦး ဖောက်ထွင်းဝင်ရောက်ကာ ပန်းချီကားလေးချပ်ကို ယူဆောင်သွားခဲ့သော်လည်း ထွက်ပြေးစဉ် ပြတိုက်ဥယျာဉ်အတွင်း ပန်းချီကားနှစ်ချပ်ကျန်ရစ်ခဲ့ကြောင်း ဒေသဆိုင်ရာမြို့တော်ဝန် ဘရိုင်ယန် မက်ဆွန်က ပြောကြားသည်။

တစ်ချပ်လျှင် ယူရို ၉ သန်း (ပေါင် ၇ ဒသမ ၇ သန်း၊ ဒေါ်လာ ၁၀ ဒသမ ၄ သန်း) တန်ကြေးရှိသည့် ထိုပန်းချီကားများသည် ဥရောပတွင် အကောမသတ်ဖြစ်ပွားလျက်ရှိသော ခိုးယူမှုများအနက် နောက်ဆုံး တန်ဖိုးကြီး ခိုးမှုဖြစ်ကြောင်း သိရသည်။ **Mon**





လေကြောင်းထိန်းသိမ်းရေး နည်းပညာချို့ယွင်းချက်ကြောင့် ပြိတိန်လေဆိပ်များ၌ လေယာဉ်ခရီးစဉ် ၁၃၀၀ ပယ်ဖျက်ခဲ့ရ

လန်ဒန် စက်တင်ဘာ ၉

ဗြိတိန် လေကြောင်းထိန်းသိမ်းရေးဌာနတွင် ဖြစ်ပွားခဲ့သော နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းချက်ကြောင့် အရှည်အထွေးများ စတင်ခဲ့ပြီးနောက် ယင်းကို ပြန်လည်ကုစားရန် ကြိုးပမ်းနေစဉ် စက်တင်ဘာ ၉ ရက်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လေယာဉ်ခရီးစဉ်ပေါင်း ၁၅၀ ကျော် ပယ်ဖျက်ခဲ့ရသဖြင့် ဗြိတိန်ရှိ ခရီးသွားများ ပိုမိုအခက်တွေ့ခဲ့ရကြောင်း စီအင်နဲ့အေသတင်းဌာနက ဖော်ပြသည်။

ယမန်နေ့က ဗြိတိန်လေဆိပ်များသို့ အဝင်/အထွက် လေယာဉ်ခရီးစဉ် ၁၃၀၀ ပယ်ဖျက်ခဲ့ရပြီး နောက် ဗုဒ္ဓဟူးနေ့တွင် ပြေးဆွဲရန်စီစဉ်ထားသည့် လေယာဉ်ခရီးစဉ် ၁၇၇ ခုကိုလည်း ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း လေယာဉ်ခရီးစဉ် ခြေရာခံကြည့်ရှုသည့် ဝက်ဘ်ဆိုက်ဖြစ်သော ဖလိုက်ရိုဒါ၂၄ က ပြောကြားသည်။

ပယ်ဖျက်ခဲ့သည့် လေယာဉ်ခရီးစဉ်အားလုံးနီးပါးမှာ လန်ဒန်ဟီးသရိုးလေဆိပ်မှ ဖြစ်သည်ဟု ဖလိုက်ရိုဒါ ၂၄ က အိတ်စ်လူမှုကွန်ရက်ပေါ်တွင် ရေးသားထားကြောင်း သိရသည်။ **Mon**

စက်တီအီးကုမ္ပဏီ၏ ဓမတ်ဖုန်းအမှတ်တံဆိပ်ဖြစ်သော နူဘီယာ နာပီအက်စ်အာထရာ ဖုန်းသစ်ကို မိတ်ဆက်ရောင်းချသွားမည်

ပေကျင်း စက်တင်ဘာ ၉

ဇက်တီအီးကုမ္ပဏီ၏ ဓမတ်ဖုန်းအမှတ်တံဆိပ်ဖြစ်သော နူဘီယာသည် စက်တင်ဘာ ၁၆ ရက်တွင် နာဇီအက်စ်အာထရာ ဖုန်းအမျိုးအစားကို မိတ်ဆက်ရောင်းချတော့မည်ဖြစ်ပြီး ယင်းစက်ပစ္စည်းသည် ကမ္ဘာ့ပထမဆုံး ဒြပ်ထုထုတ်လုပ်သည့် အေအိုင် အေဂျင့် ဓမတ်ဖုန်းဖြစ်ကာ စက်ပစ္စည်းအတွင်း အေအိုင်မော်ဒယ်များ ထည့်သွင်းအသုံးပြုမှုအတွက် တရုတ်နိုင်ငံ၏ အဓိကခြေလှမ်းတစ်ခုဖြစ်လာကြောင်း စီအင်နဲ့အေသတင်းဌာနက ဖော်ပြသည်။

သုံးစွဲသူများသည် အသံဖြင့်ဖြစ်စေ သီးသန့်ပြုလုပ်ထားသော လိမ္မော်ရောင်ခလုတ်ကို နှိပ်၍ဖြစ်စေ ထည့်သွင်းထားသည့် အေအိုင်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

အဓိကကွဲခြားချက်ကတော့ ယခင်အေအိုင်ဖုန်းတွေဟာ အေအိုင်လုပ်ဆောင်ချက်တွေ ပူးတွဲပါဝင်တဲ့ စက်ပစ္စည်းတွေသာဖြစ်ပေမယ့် အေအိုင်အေဂျင့်ဖုန်းကတော့ ဖုန်းကိုယ်တိုင်က ပါးနပ်လိမ္မာတဲ့ လက်ထောက်တစ်ယောက်ဖြစ်လာတာပါပဲ ဟု ဇက်တီအီး၏ စက်ပစ္စည်းစီးပွားရေးဌာနဥက္ကဋ္ဌ နီဖေးက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**



ပျော်ဘွယ်မြို့နယ်တွင် ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ရှစ်သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၉

ပျော်ဘွယ်မြို့နယ်တွင် ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားနှုန်းသိန်းကျော်သိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပျော်ဘွယ်မြို့နယ် ဆိတ်ချိကျေးရွာအုပ်စုကစ္စယ်ကျေးရွာအနီး ပျော်ဘွယ်-နတ်မောက်သွား ကားလမ်းတွင် နိုဝင်း မောင်းနှင်ပြီး သိန်းထွန်းလိုက်ပါလာသည့် MINIBUS ယာဉ်အား သတင်းအရ စစ်ဆေးရာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၈၃၀၀၀ သိန်း(၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၀၃၅ ဘီလီယံ) သိမ်းဆည်းရမိခဲ့သည်။



တရားခံ ရဲမင်းအောင်(ခ)ပါးသိုင်း၊ နေပိုင်စိုး(ခ)ဂျာကြီး(ခ)အောင်ကျော်မြင့်၊ သိန်းထွန်း၊ နိုဝင်း၊ ကိုစိုး၊ ကျော်သာ(ခ)အောင်ကျော်နှင့် ယုယုမော်(ဝဲမှယာ)တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်စစ်ဆေးချက်အရ နေပိုင်စိုး(ခ) ဂျာကြီး(ခ) အောင်ကျော်မြင့်၊ ကျော်သာ(ခ) အောင်ကျော်နှင့်အတူ ကိုစိုး၊ ယုယုမော်၊ ရဲမင်းအောင်(ခ)ပါးသိုင်း၊ မိုးအောင်(ခ)ဆလိုင်းမိုးအောင်တို့ ခုနစ်ဦးအား ယာဉ်လေးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တရားခံ မိုးအောင်(ခ)ဆလိုင်းမိုးအောင်နှင့်အတူ သိမ်းဆည်းရမိမော်တော်ယာဉ်အား တွေ့ရစဉ်။

စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နေ မောင်ဝင်း(ခ) အောင်စိန်(ခ) အောင်သိန်း(ခ) အောင်ထိန် (ဖမ်းဆီးရန်ကျန်)က ရမည်းသင်းမြို့နယ်သို့ လာရောက် ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမှ အောင်လံသို့ ကျော်သာ(ခ) အောင်ကျော်၏ အစီအမံဖြင့် သယ်ဆောင်ခြင်း ဖြစ်ပြီး အောင်လံမှ ရခိုင်ပြည်နယ် အမ်းမြို့နယ်သို့ သယ်ဆောင်သူများမှာ မိုးအောင်(ခ)ဆလိုင်းမိုး အောင်(ခ)အောင်(ဖမ်းဆီးရန်ကျန်) နှင့် ကိုဦး(ဖမ်းဆီးရန်ကျန်)တို့ ဖြစ်ကြောင်း၊ အမ်းမှ မောင်တောသို့ ဆက်လက်သယ်ဆောင်သူမှာ ရွှေလင်း(ဖမ်းဆီးရန်ကျန်) ဖြစ်ကြောင်း သိရသည်။

စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပါဝင်သည့် ကျော်သာ(ခ) အောင်ကျော်နှင့် ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်ချက်အရ အဓိကစီမံခန့်ခွဲသူ မောင်ဝင်း(ခ)အောင်စိန်(ခ)အောင်သိန်း(ခ)အောင်ထိန် (ဖမ်းဆီးရန်ကျန်)နှင့် ချိတ်ဆက်၍ ရခိုင်ပြည်နယ် မောင်တောမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဆက်လက် ပို့ဆောင်သူမှာ AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ နိုင်နိုင်ဦး ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ စိတ်ကြွဆေးပြားများ အကြိမ်ကြိမ် သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ် လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေး အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကုက္ကိုပင် Light Truck ယာဉ်ပေါ်သို့ လဲကျ၍ ယာဉ်မောင်းတစ်ဦးဒဏ်ရာရရှိ

မန္တလေး စက်တင်ဘာ ၉

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၄ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြားတွင် ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ရပ်နားထားသည့် Light Truck ယာဉ်ပေါ်သို့ ကုက္ကိုပင် အမြစ်မှကျ၍ ပြုကျခဲ့သဖြင့် ယာဉ်မောင်းတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ကုက္ကိုပင်မှာ လုံးပတ် ၉ ပေခန့်နှင့် အမြင့် ပေ ၄၀ ခန့်ရှိပြီး ယာဉ်မောင်း ဦးဇာနည်အောင်တွင် ညာခြေသလုံးရိုးကျိုး၊ ဝဲပေါင်ကျိုးနှင့် ခါးညိုမည်းဒဏ်ရာများ ရရှိခဲ့သော်လည်း အသက်အန္တရာယ် မစိုးရိမ်ရကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာသို့ မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ဒဏ်ရာရရှိသူအား ကယ်ဆယ်နိုင်ခဲ့ပြီး မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



Online လောင်းကစားလုပ်ငန်းပြုလုပ်နေသည့် လူ ခုနစ်ဦးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

မန္တလေး စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၃၁ လမ်း၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြားရှိ နေအိမ်တစ်အိမ်တွင် Online လောင်းကစားလုပ်ငန်း ပြုလုပ်နေကြောင်း သတင်းရရှိသဖြင့် စက်တင်ဘာ ၈ ရက်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မဟာအောင်မြေခရိုင် ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ချမ်းအေးသာစံမြို့နယ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာအဖွဲ့ဝင်များ ပါဝင်ခဲ့သည်။

ဝင်ရောက်စစ်ဆေးရာတွင် ငွေကျပ် သိန်း ၁၅၀၊ ကွန်ပျူတာ ခြောက်လုံး၊ Laptop တစ်လုံး၊ Computer Mouse တစ်လုံး၊ ဖုန်း ၁၄ လုံး၊ WiFi စက် နှစ်လုံးနှင့် CCTV တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ခုနစ်ဦးအား နယ်မြေရဲစခန်းအမှတ် (၃)၊ ချမ်းအေးသာစံမြို့နယ်တွင် အသေးစိတ် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိသည်။

ကနဦးစစ်ဆေးချက်များအရ အဆိုပါနေအိမ်ပိုင်ရှင်သည် ၂၀၂၄ ခုနှစ်ကတည်းက Online လောင်းကစားလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ပြီး ဝန်ထမ်း နှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းမှ ငါးသိန်းအထိ ပေးချေခဲ့သည်။

ထို့ပြင် Golden Star Online အကောင့်ကို အွန်လိုင်းမှ တစ်ဆင့် ကျပ်သိန်း ၁၅၀ ဖြင့် ဝယ်ယူခဲ့ပြီး K-Pay အကောင့်များမှတစ်ဆင့် ငွေသွင်း၊ ငွေထုတ် ပြုလုပ်ခဲ့ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။

လက်ရှိတွင် ဖမ်းဆီးရမိသူများနှင့် Online လောင်းကစားလုပ်ငန်း ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများအား သက်ဆိုင်ရာ မှူခင်းရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အိမ်ရှင်အမျိုးသမီးအား သတ်ဖြတ်၍ လက်ဝတ်ရတနာများနှင့် လက်ကိုင်ဖုန်းများ လုယက်ယူဆောင်ခဲ့သူ အိမ်အကူအမျိုးသမီး နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင် မြို့နယ်တွင် အိမ်ရှင်ဖြစ်သူအား သတ်ဖြတ်၍ လက်ဝတ်ရတနာများနှင့် ဖုန်းများကို လုယက်ယူဆောင်ခဲ့သူတရားခံ တင်နွယ်နှင့် အေးမြတ်မွန်(ခ) သူသူတို့နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၇ ရက်ည ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင် မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ဒေါ်သိန်းမြင့်(၇၄)နှစ်အား အိမ်အကူဖြစ်သူ တင်နွယ် (၅၈)နှစ်နှင့် ၎င်း၏သမီးဖြစ်သူ အေးမြတ်မွန်(ခ)သူသူ(၁၇)နှစ်တို့ နှစ်ဦးက နေအိမ်ရှေ့ဧည့်ခန်း၌ ဒေါ်သိန်းမြင့်၏ မျက်နှာပေါ်သို့ ခေါင်းအုံးနှင့် စောင်အုပ်၍ သတ်ဖြတ်ကာ ၎င်း ဝတ်ဆင်ထားသည့် စိန်နားကပ် တစ်ရန်၊ ပလက်တီနမ်ဆွဲကြိုး တစ်ကုံး၊ SAMSUNG A20 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ SAMSUNG အမျိုးအစား Tablet တစ်လုံးတို့ကို လုယက်ယူဆောင် ထွက်ပြေးသွားခဲ့သဖြင့် အရေးယူပေးပါရန် ဒေါ်သိန်းမြင့်၏ခင်ပွန်း ဖြစ်သူ ဦးခင်မောင်(၇၁)နှစ်၏ တိုင်တန်းချက်အရ ဗိုလ်တထောင် မြို့မရဲစခန်း (ပ)၅၈၈/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။



(ဝဲမှယာ တရားခံ အေးမြတ်မွန်(ခ)သူသူ၊ တင်နွယ်)

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် တရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် တရားခံ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကကဝဲကျေးရွာနေတင်နွယ်နှင့် အေးမြတ်မွန်(ခ)သူသူတို့ နှစ်ဦးကို ကျူးဗေးမြို့ အဝေးပြေးကားဝင်းရှိ "အောင်ချမ်းသာ" ကားဂိတ်၌ သက်သေခံ SAMSUNG A20 အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ SAMSUNG အမျိုးအစား Tablet တစ်လုံး၊ ငွေ ၂၄၅၅ သိန်းကျပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစတင်၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိမ့်ကျမှဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင် (၁၁/၅) မှ (၁၁/၇) ကြား ဆည်မြောင်းတာ အပြင်ဘက်ခြမ်း ဧရာဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ် သဲအိတ်ချခြင်းလုပ်ငန်းနှင့် ရေလမ်းသောင်တူးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသံတ၊ ရေကြည်၊ သပိုင်းချောင်း၊ ကျဲပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာ အချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ဝဝန်မြစ်ရေသည် ဩဂုတ် ၁၄ ရက်တွင် ခုနစ်ပေ ကိုးလက်မအထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် လေးပေ လေးလက်မခန့်သာ ကျန်ရှိသဖြင့် သုံးပေ ငါးလက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ဝဝန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့် အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၅ ပေ ၁၀ လက်မခန့်သာ ကျန်ရှိသဖြင့် ငါးပေ လေးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း၊ သပိုင်းချောင်းမြို့နယ်အတွင်း ဝဝန်မြစ်ရေသည် ဩဂုတ် ၂၁ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေခန့်သာ ကျန်ရှိသဖြင့် သုံးပေ ကိုးလက်မခန့် ကျဆင်းသွားကြောင်း၊ ကျဲပျော်မြို့နယ်တွင် ဝဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ရှစ်ပေ တစ်လက်မခန့်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေ ခန့်သာ ကျန်ရှိသဖြင့် နှစ်ပေ တစ်လက်မ ခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ဝဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ခုနစ်ပေ တစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ငါးပေ ခုနစ်လက်မခန့်သာ ကျန်ရှိသဖြင့် တစ်ပေ ခြောက်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝဝန်ပန်းတာရောဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံမိုခိုကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန် သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ ရောက်ရှိနေထိုင် လျက်ရှိကြောင်း တာဝန်သိပြည်သူ များ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါ မြို့အတွင်း ရပ်ကွက်များရှိ နေအိမ်များအား စုံစမ်းရှာဖွေ ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၄ နာရီခန့်တွင် ဝမ်ကောင်း ရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံး အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားငါးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၅၆ ဦးတို့အား ကွန်ပျူတာမျိုးစုံ အလုံး ၆၀၊ Wifi စက်ငါးလုံး၊ စားပွဲ ၁၄ လုံး၊ ထိုင်ခုံ ၅၁ လုံး၊ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင် လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစား မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှု။



တရားမဝင် အွန်လိုင်းလောင်းကစားမှု လုပ်ကိုင်သည့်နေရာတွင် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိမှု။

နိုင်ငံတကာ အားကစား သတင်းများ

ရူပါလိဂ် သုံးပွဲတွင် လေးဂိုးသွင်းယူနိုင်သည့် ပထမဆုံး နိုင်ငံခြားသားကစားသမားအဖြစ် ဆာလာမှတ်တမ်းဝင်



အန်ကာရာ စက်တင်ဘာ ၉

ထရက်ဇွန်စပေါ်အသင်း တိုက်စစ်မှူး ဆာလာသည် ပထမဆုံးကစားခဲ့သည့် ရူပါလိဂ်သုံးပွဲတွင် လေးဂိုးသွင်းယူနိုင်သည့် ပထမဆုံး နိုင်ငံခြားသားကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ် နွေရာသီဈေးကွက်အတွင်းမှ ထရက်ဇွန်စပေါ်အသင်းသို့ ရောက်ရှိခဲ့ပြီး ပထမဆုံးကစားခဲ့သည့် ရူပါလိဂ်သုံးပွဲမှာပင် လေးဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး ဆာလာသည် ယခုနှစ် ဘောလုံးရာသီတွင် ထရက်ဇွန်စပေါ်အသင်းနှင့်အတူ ပြိုင်ပွဲနံ့ ခြောက်ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော်အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ) (NGB)

2026 Korea Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၂၁ ရက်တွင် စတင်မည်

ဆိုးလ် စက်တင်ဘာ ၉

တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Korea Open တင်းနစ်ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၂၁ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Korea Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ရက်မှ ၂၈ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Korea Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Korea Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ပိုလန် တင်းနစ်မယ် Iga Swiatek တို့ ဖြစ်သည်။ **(ယာဝုံ) (NGB)**



ကာဆာရက်စ် တူးလော့စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

ပါရီ စက်တင်ဘာ ၉

တူးလော့စ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား ကာဆာရက်စ်ကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် တူးလော့စ်အသင်းနှင့် အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံ ၁၁၀ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကာဆာရက်စ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(ဝဲပုံ) (NGB)

မန်စီးတီးအသင်းက ပေါ်တိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိပြင့် အနိုင်ရရှိ

လန်ဒန် စက်တင်ဘာ ၉

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်စီးတီးအသင်းနှင့် ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ပေါ်တိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိပြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲဆိုင်မှ ၄၇မိနစ်၊ (၉၀+၁)မိနစ်တွင် ဟာလန်းက သွင်းယူပေးခဲ့သည်။ **(ယာဝုံ)**

မန်စီးတီးအသင်းသည် ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၅ရက်တွင် ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)



ဒန်နီကာဗာဂျယ်ကို ခေါ်ယူရန် ဖူလ်ဟမ်အသင်း စီစဉ်

လန်ဒန် စက်တင်ဘာ ၉

ဖူလ်ဟမ်အသင်းသည် အသင်း လက်မဲ့ဖြစ်နေသော ဝါရင့် နောက်ခံကစားသမား ဒန်နီကာဗာဂျယ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လေဗာကူဆင်၊ ရီးရဲလ်မက်ဒရစ်စသည့် ကလပ်အသင်းများတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဝါရင့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဒန်နီကာဗာဂျယ်ကိုယ်တိုင် ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဖူလ်ဟမ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဖူလ်ဟမ်အသင်းအနေဖြင့် ဒန်နီကာဗာဂျယ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)



လိုကာတယ်လီ ဒူးဒဏ်ရာကြောင့် သုံးလခန့် အနားယူရမည်

တူရင် စက်တင်ဘာ ၉

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား လိုကာတယ်လီသည် ဒူးဒဏ်ရာကြောင့် သုံးလခန့် အနားယူရမည်ဖြစ်သည်။ အဆိုပါ ကွင်းလယ်ကစားသမားသည် စီးရီးအဆွေတည်အဖြစ် ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်းတို့ တစ်ဖက်တစ်ချီစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား လိုကာတယ်လီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျူဗင်တပ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ အသက်(၂၈)နှစ်အရွယ်ရှိ လိုကာတယ်လီသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၃ပွဲ ကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(NGB)

နည်းပြ ဖေဘီယိုဂရော့ဆိုကို နည်းပြရာထူးမှ ဖိအိုရင်တီးနားအသင်း ထုတ်ပယ်



တူရင် စက်တင်ဘာ ၉

ဖိအိုရင်တီးနားအသင်းသည် ယခုနှစ် ဘောလုံးရာသီ အီတလီ စီးရီးအေပွဲစဉ် သုံးပွဲကစားပြီး သုံးပွဲစလုံး ရှုံးနိမ့်ခဲ့မှုကြောင့် နည်းပြ ဖေဘီယိုဂရော့ဆိုကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြသည် ဖိအိုရင်တီးနားအသင်းကို ၂၀၂၆ခုနှစ်၊ ဇွန် ၈ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄ပွဲတွင် ၁ပွဲနိုင်၊ ၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဖိအိုရင်တီးနားအသင်း၏ထုတ်ပြန်ချက်တွင် "နည်းပြ ဖေဘီယိုဂရော့ဆိုကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ) (NGB)**

ဘာထရန်ထရာအိုယေးကို ဝုဖ်အသင်း ခေါ်ယူ

လန်ဒန် စက်တင်ဘာ ၉

ဝုဖ်အသင်းသည် ဆန်းဒါးလန်းအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော တောင်ပံကစားသမား ဘာထရန် ထရာအိုယေးကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၃၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဝုဖ်အသင်းနှင့်အတူ တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး ကျောနံပါတ်(၁၁) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဘာထရန်ထရာအိုယေးသည် ကစားသမားဘဝတစ် လျှောက်တွင် ဆန်းဒါးလန်း၊ ဗီလာရီးရဲလ်၊ အေဂျက်စ်၊ လိုင်ပ်ဇွန်၊ ချဲလ်ဆီးစသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဝုဖ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဘာထရန်ထရာအိုယေးအနေဖြင့် ဝုဖ်အသင်းနှင့် အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။**(အပေါ်ဝဲပုံ) (NGB)**

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်) (ပွဲစဉ်-၁)

နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်(ပြည်တွင်းအမှတ်ပေးပွဲအဆင့်)	နောက်ဆုံးတွေ့.ဆုံမှုရလဒ်
၁၀-၉-၂၀၂၆ ကြာသပတေးနေ့	ညဘက်ခြောက်နာရီ	ပီနာဘာချီ (တူရုကီ-၉) - ဂျီးမား (အီတလီ-၁)	ပီနာဘာချီ ၃-၃ ဂျီးမား (၂၀-၀-၂၀၁၄ ကလပ်အသင်းဖြေစမ်းပွဲ)
〃	〃	ပီအက်စ်ဂျီ (နယ်သာလန်-၂) - ရွက်တာဂိုးနက်စ် (ယူကရိန်း-၂)	———
၁၁-၉-၂၀၂၆ သောကြာနေ့	နံနက်၀၁း၃၀နာရီ	ဘိုင်ယန်မြူးနစ် (ဂျာမနီ-၆) - ဘိုရိုစလင့် (နော်ဝေ-၁)	———
〃	〃	ကိုပို (အီတလီ-၄) - လိုက်ပဇစ် (ဂျာမနီ-၀)	———
〃	〃	ယန်ပူ (အင်္ဂလန်-၁၁) - ဆာဘာကို (အစ္စပိန်-၁)	———
〃	〃	ဆလားဇီယားဟက် (ဘယ်လ်ဂျီယံ-၁) - လန်စ် (ပြင်သစ်-၁၀)	———

၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပ

တောင်ကြီး စက်တင်ဘာ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'စာတတ်မြောက်ရေးပိုင်းကူပေး' သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက ဖတ်ကြားပြီး ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ရွက်မှု (Video Clip) ပြသသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် ကဗျာပြိုင်ပွဲဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက 'အနာဂတ်မျှော်တွေး စဉ်ဆက်ပညာရေး' သီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာတတ်မြောက်ရေးနေ့ ပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)





(ခ၆၈)

မန္တလေးတောင်တော်ရှိ သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်ရန် စေတနာရှင်များက ငွေများ လာရောက်လှူဒါန်း

မန္တလေး စက်တင်ဘာ ၉

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အမြင့် ၇၇၆ ပေရှိပြီး တောင်ကိုးလုံးခြံရံလျက်ရှိသော မန္တလေးတောင် တော်ကြီးကို သက္ကရာဇ်(၁၀၁)ခုနှစ်မှစ၍ ဆုတောင်းပြည့်စေတီနှင့် ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်များအား တည်ဆောက်လှူဒါန်းကိုးကွယ်ခဲ့ကြသည်။

သာသနာပြု သာသနာ့ဟိတဓနာယက ရသေ့ကြီးဦးခန္ဓိမှ သက္ကရာဇ်(၁၂၆၉)ခုနှစ်မှစ၍ နှစ်ပေါင်း ၁၀၀ ခန့် ပျက်စီးယိုယွင်းမှုများအား သစ်သားမဖက်၊ သံ၊ အုတ်၊ ကျောက်၊ အင်္ဂတေတို့ဖြင့် အဆောက်အအုံကြီးငယ် ပြုပြင်တည်ဆောက်ခဲ့သည်။

မန္တလေးတောင်တော်ဂေါပကအဖွဲ့ကလည်း ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သော စေတီတော်၊ အာရုံခံတန်ဆောင်း၊ စောင်းတန်း၊ ပြာသာဒ်များအား ပြုပြင်ထိန်းသိမ်းလျက်ရှိရာ စေတနာရှင်များက ငွေများ လှူဒါန်းလျက်ရှိသည်။

မန္တလေးတောင် တော်သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်ရေး ငွေများလှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၈ ရက်က ရန်ကုန်မြို့နေ ဦးကျော်ဦး+ဒေါ်အိအိစံ၊ (ဦးအောင်နိုင်) + ဒေါ်မေရီခိုင်တို့အား အမှူးထား၍ မောင်ဇွဲဇာနည်ကျော် + မသျှား ထွဋ်အိန္ဒြာမိသားစုက စန္ဒာမုခီဗိမာန်တိုးချဲ့ရန်ပုံငွေကျပ် ၅၄ သိန်း၊ သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်ရန် ငွေကျပ်ခြောက်သိန်းတို့ကို လှူဒါန်းရာ မန္တလေးတောင်တော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဂေါပက အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ဝ၄၅)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မကွေး စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မိုးဇော်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် Ten Ten Myanmar ကုမ္ပဏီမှ ရန်ပုံငွေကျပ် ၄၃၂ ဒသမ ၄၄ သန်းဖြင့် တင်ဒါအောင်မြင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်(မကွေး-ရေနံချောင်း)လမ်းမှ ကံသစ်ကျေးရွာဆက်သွယ်သော လမ်း(၀/၄ ဒသမ ၃)မိုင် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ကို ကိုက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အလျား ၄ ဒသမ ၃ ဖာလုံ၊ အခြေခံအလွှာ အကျယ် ၁၆ ပေ တွင် (၂×၄)လက်မခွဲကျောက်ဖြင့် ၆ လက်မထု ခင်းကြိတ်၍ လူသွားလမ်း အကျယ် ၁၄ ပေ၊ ထူ ၇ လက်မ လမ်းခင်းခြင်း ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကာ အဆိုပါ လမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ငါးရွာမှ အိမ်ထောင်စု ၁၃၅၄ စု၊ အိမ်ခြေ ၁၂၅၃ အိမ်၊ လူဦးရေ ၅၃၀၉ ဦးတို့၏ စိုက်ပျိုးဧက ၈၈၄ ဒသမ ၃၁ ဧက အတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)



မောင်ခိုင်မင်း(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မန္တလေး စက်တင်ဘာ ၉

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး၊ အောင်မြေသာစံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ယု၊ ခရိုင်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်စန္ဒာဇော်ဝင်း၊ ခရိုင်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များသည် ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မင်းတဲအိကင်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင်ရတနာမဉ္ဇူဘုရားဝင်းအတွင်း လုပ်အားဒါန စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး ရတနာမဉ္ဇူဘုရား ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝိလာသအား ခရိုင်ရဲတပ်ဖွဲ့ စည်းရုံးရေးကော်မတီက ဝတ္ထုငွေနှင့် လူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



နွေသီးနှံဝိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

မြစ်သား စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် နွေသီးနှံဝိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၀၁၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၀၄ ဒသမ ၅၄ တင်း ထွက်ရှိသည်။

'မြစ်သားမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၂၀၁၁၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စပါးစိုက်ပျိုးတဲ့အချိန်မှာလည်း တောင်သူတွေ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်အောင်၊ အထွက်နှုန်းတွေကောင်းမွန်အောင် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်တွေနဲ့ သွင်းအားစုတွေကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်' ဟု မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောသည်။ **(အပေါ်ပုံ)**



မြစ်သားမြို့နယ်တွင် နွေစပါး စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးသီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ဟက်စီးဆုံးရှုံးမှုမရှိစေရေးရိတ်သိမ်းပြီး စပါးများ အစိုးအကာအောက် အချိန်မီရောက်ရှိရေးနှင့် စနစ်တကျ သိုလှောင်သိမ်းဆည်းတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

မြို့နယ်ပညာရေးမှူးဖလား မူလတန်း၊ အလယ်တန်း၊ အထက်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်ခရိုင် ပြည်သူ့အားကစားကွင်း၌ စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက မြို့နယ်ပညာရေးမှူးဖလား မူလတန်း၊ အလယ်တန်း၊ အထက်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပခဲ့သည်။



ရှေ့ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများနေရာယူ၍ နိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်က အမှာစကားပြောကြားခဲ့သည်။ **(၀ပုံ)**

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်ခဲ့ပြီး အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်္ဂလားပတ်ဖွဲ့နှင့် ဟံမြင့်မိုရ် အခြေခံပညာအထက်တန်းကျောင်းမှ ပန်းဖွားအကဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ပထမပွဲစဉ်အဖြစ် သံရှာအခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းနှင့် အနောက်သာဂရ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအသင်းတို့ စတင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

(၄၈၅)

o-o-o-o-o-o-o



စာဖတ်ရှုနိုင်မြှင့်တင်ရေးလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၉

လူငယ်ကဏ္ဍကို မြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှုနိုင်မြှင့်တင်ရေးလူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးအခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံး ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်စုရည်ဖြူးက မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာန လက်ထောက်ဦးစီးမှူး ဒေါ်သူဇာဝင်းက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းနိုင်က စားသုံးသူကာကွယ်ရေးဥပဒေနှင့်ပတ်သက်၍လည်းကောင်း အသီးသီး ဟောပြောကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူ ငါးဦးမှ သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက မေးမြန်းချက်များအား ပြန်လည်ဖြေကြားကြသည်။

(အပေါ်ပုံ)

ဆက်လက်၍ စိတ်ပါဝင်စားစွာ မေးမြန်းခဲ့သော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသပေးခဲ့သည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သွေးသွေး(ခရိုင်ပြန်/ဆက်)

ချည်မျှင်ရှည်ဝါ ၁၀၆၇၂ ဧက စိုက်ပျိုးရန် သတ်မှတ်လျာထားရာမှ မိုးကြိုနှင့် မိုးချည်မျှင်ရှည်ဝါ ၆၆၂၅ ဧက စိုက်ပျိုးပြီးစီး

မြစ်သား စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ချည်မျှင်ရှည်ဝါ ၁၀၆၇၂ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားရာမှ မိုးကြိုနှင့် မိုးချည်မျှင်ရှည်ဝါ ၆၆၂၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုဖြင့် ချည်မျှင်ရှည်ဝါသတ်မှတ် အရည်အသွေးပြည့်မီပြီး အထွက်နှုန်းတိုးတက်လာစေရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ချည်မျှင်ရှည်ဝါ ၁၀၆၇၂ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ဧပြီလမှ စတင်၍ စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးလျက်ရှိရာ မြစ်သားမြို့နယ်အတွင်းရှိ ဒါးဝယ်အင်းကျေးရွာအုပ်စုနှင့် မြိုင်ကုန်းကျေးရွာအုပ်စုတို့တွင် မိုးကြိုနှင့် မိုးချည်မျှင်ရှည်ဝါ ၆၆၂၅ ဧက ကို စိုက်ပျိုးပြီးစီး၍ ကျန်ဧကများကို မိုးနှောင်းကာလတွင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရာတွင်လည်း ဒေသနှင့် ကိုက်ညီသည့် ရွှေတောင်-၈၊ ရွှေတောင်-၁၀ နှင့် B-31 ဝါမျိုးများကို စိုက်ပျိုးထားကြောင်း သိရသည်။**(အောက်ပုံ)**

ဝါဝါမြင့်(မြစ်သား)





ဘိန်းအစားထိုးသီးနှံ ကော်ဖီ နှစ်ရှည်ပျိုးပင် ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

မိုင်းဆတ် စက်တင်ဘာ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၊ မြို့နယ်စိုက်ပျိုးရေးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၆-၂၀၂၇ ခုနှစ် ဘိန်းအစားထိုးသီးနှံ(ကော်ဖီ)နှစ်ရှည်ပျိုးပင် ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းက စိုက်ပျိုးမှုပယောဂပြီး မြို့နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာစေရန် အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက လွယ်ဆောင်ကျေးရွာအုပ်စုအတွက် ကော်ဖီပျိုးပင် သုံးဧကအတွက် ပျိုးပင်ပေါင်း ၃၇၅၀ ပင်အား ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခရိုင်(ပြန်/ဆက်)

မိုးစပါးစိုက်ခင်း၌ ဥကပ်ပါးနာကျီ (Trichogramma) များ စေလွှတ်ခြင်း ကွင်းပြပွဲဆောင်ရွက်

သရက် စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ကိုးပင်အုပ်စု၊ မဒူလီကျေးရွာတွင် မိုးစပါးစံပြကွက် ၂၅ ဒသမ ၀၀ ဧက စိုက်ခင်းတွင် ဥကပ်ပါးနာကျီ (Trichogramma)များ စေလွှတ်ခြင်း ကွင်းပြပွဲကို ယမန်နေ့နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဥကပ်ပါးနာကျီ စေလွှတ်ခြင်း ကွင်းပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်နေအောင်နှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့သည်။ ဥကပ်ပါးနာကျီ စေလွှတ်ခြင်းဖြင့် စပါးသီးနှံတွင် ကျရောက်တတ်သော ဆစ်ပိုး၊ ရွက်လိပ်ပိုး၊ ရွက်စားပိုးများကို ကြိုတင်ကာကွယ်နိုမ်နင်းပြီးဖြစ်ကြောင်း၊ ပိုးသတ်ဆေးသုံးစွဲမှုကို သိသိသာသာ လျော့ချပေးကြောင်းနှင့် တစ်ဧကလျှင် ဥကပ်ပါးနာကျီကတ် ၄၀ နှုန်းဖြင့် ၂၅ ဧက အတွက် လိုအပ်သော ဥကပ်ပါးနာကျီကတ်များကို မြို့နယ်ဦးစီးမှူးက တောင်သူများအား ပေးအပ်ပြီး စုပေါင်းလက်တွေ့ချိတ်ဆွဲခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

သရက်မြို့နယ်သည် မိုးစပါး ၁၇၅၂၉ ဧက စိုက်ပျိုးပြီး စပါးပင်များတွင် ကျရောက်တတ်သော ရောဂါပိုးမွှားများကို ကြိုတင်ကာကွယ်နိုမ်နင်းခြင်းလုပ်ငန်းများနှင့် တောင်သူများ ကုန်ကျစရိတ် သက်သာစွာဖြင့် ပိုးမွှားကာကွယ်နိုမ်နင်းနည်းလမ်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ပညာပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

စော်ထက်(သရက်)



မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)မှ သက်ကြီးဆရာဝန်များအား ကျန်းမာရေးစစ်ဆေးပေးမည်

မန္တလေး စက်တင်ဘာ ၉

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့(မန္တလေး)မှ စေတနာရှင်ပုဂ္ဂလိကဆေးရုံများနှင့် ညှိနှိုင်း၍ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးဆရာဝန်ကြီးများအား ကျန်းမာရေးစစ်ဆေးခြင်းကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ အတွင်း ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးစစ်ဆေးလိုသော အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးဆရာဝန်ကြီးများသည် ပုံစံဖြည့်စွက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သို့ စက်တင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရန် မေတ္တာရပ်ခံထားပြီး ကျန်းမာရေးစစ်ဆေးမည့် အစီအစဉ်ကို တစ်ဦးချင်းထံ ပြန်လည် အကြောင်းကြားပေးမည် ဖြစ်သည်။

ကျန်းမာရေးစစ်ဆေးမှုများသိရှိလိုပါက သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့အတွင်းရေးမှူး ဒေါက်တာ ဦးအောင်မင်း ဖုန်း-၀၉-၂၀၀၇၇၀၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၄၅)**

သစ်တောသစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို၊ နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး ။

ကမ်းလင်းအမွေ ခံထိုက်ဧရာ

အေးအေးခိုင်(ပညာရေး)

ပညာရေးဌာနမှာ နှစ်(၄၀)နီးပါးတာဝန်ထမ်းဆောင်ခဲ့တဲ့ ကျွန်မဟာ အထက်တန်းကျောင်းသိပ်ငံနဲ့ ကောလိပ်ကျောင်း ရုစ်ကျောင်းမှာ ရာထူးအဆင့်အမျိုးမျိုးနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

၂၀၂၆ ဩဂုတ် ၂၃ ရက်က အ.ထ.က(၁)အမရပူရရဲ့ ဆရာကန်တော့ပွဲကို သွားရောက်ခဲ့ပါတယ်။ အ.ထ.က အမရပူရရဲ့ ကျောင်းအုပ်အဖြစ် ၁၉၈၄-၉၇ အထိ တာဝန်ထမ်းဆောင်စဉ်က ဆုံခဲ့တဲ့ ဆရာဦးစိုးမြင့်ရဲ့ သမီး၊ ခင်နှင်းစိုးနဲ့ ခင်ပွန်း ဦးရွှေမန်းတို့ရဲ့ ကားနဲ့အကြိုအပို့လုပ်ပေးလို့ ဆရာကန်တော့ပွဲကို သက်သောင့်သက်သာ တက်ရောက်နိုင်ခဲ့ပါတယ်။ ၅ ဒသမ ၀၁ ဧကကျယ်ဝန်းပြီး အခန်းပေါင်း ၅၀၀ ရှိတဲ့ ကျောင်းတစ်ဝန်းလုံးရဲ့ အုတ်တံတိုင်းကို တစ်ခန်းကျပ် ၃၅၀ နဲ့ အလှူခံပြီး ဆောက်ခဲ့ပါတယ်။ ငလျင်ဒဏ်ကြောင့် ကျောင်းတစ်ဝန်းလုံးက အုတ်တံတိုင်းတွေပြိုလို့ သွပ်တွေနဲ့ ကာရံထားကာကို မြင်ရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ ပြိုလဲသွားတဲ့အိမ်တွင်းမှသိပ်ဖွဲဆောင်၊ မော်တော်ယာဉ်ဆောင်၊ ပြန်ပြင်နေရတဲ့ သိပ်ံဆောင်တွေကို မြင်တွေ့ရတဲ့အခါ ငလျင်ဒဏ်ကို ကျောင်းအနေနဲ့ တော်တော်ခံလိုက်ရတဲ့အဖြစ်ကို ဝင်ဝင်ချင်း မြင်တွေ့ရပါတယ်။ ကျောင်း၀င်းအတွင်း ကျောင်းဆောင်အဟောင်းတွေမရှိတော့သလို အဆောက်အအုံသစ်တွေကိုတွေ့ရတော့ အတိတ်ပုံရိပ်ဟာ အာရုံထဲမှာ ထင်ဟပ်လာပြီး လွမ်းသလို၊ ဆွေးသလို ခံစားမိပါတယ်။

အ.ထ.က အမရပူရဟာ သမိုင်းအစဉ်အလာကြီးတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ်၊ ဇွန် ၁ ရက်မှာ မူလတန်းကျောင်းအဆင့်ကို စာတိုက်တန်း ဆရာအေးကျောင်းမှာ ဖွင့်ခဲ့ပြီး ကျောင်းအုပ်ကြီးက ဒေါ်သီသီဖြစ်ပါတယ်။ တစ်နှစ်တစ်တန်း တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး အလယ်တန်းကျောင်းအဆင့်အထိ ဆရာကြီး ဦးဘကြွယ်က ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၄၆ မှာ စာတိုက်တန်းမှ လေးစုရပ်သို့ ကျောင်းသား ၁၀၀ နဲ့ပြောင်းရွှေ့ပြီး ၁၉၅၀ ဆရာမကြီး ဒေါ်လှလှ လက်ထက်မှာ အထက်တန်းကျောင်း ဖြစ်လာပါတယ်။ အထက်တန်းကျောင်းဖြစ်လာပြီး ယနေ့ကျောင်းအုပ်ကြီး ဒေါ်တင်တင်ဦးအထိ ကျောင်းအုပ်ကြီး ၂၉ ဦး၊ မြို့နယ်ပညာရေး ၁၇ ဦး၊ ခရိုင်ပညာရေးနှစ်ဦး တာဝန်ထမ်းဆောင်နေပါတယ်။

အမရပူရက သမိုင်း၀င်မြို့တည်နန်းတည်မြို့ဖြစ်ပြီး 'အင်းအိုင်ဝိုက်လည် အမရတည်' ဆိုတဲ့ စကားအရ မြန်မာသက္ကရာဇ် ၁၁၄၄ မှာ 'ထီးပေါင်းခ' ဆိုတဲ့ အဆိုအရ ဘိုးတော်ဗဒုံမင်းက နန်းမြို့တည်ထောင်ခဲ့ပါတယ်။ အမရပူရဆိုတာ သေခြင်းကင်းရာမြို့လို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ လူစုံလို့ ရယ်စရာပြောကြတဲ့အခါ အ=မရ၊ ရ=ပူရ 'အရင် မရဘူး'၊ 'ရရင်' ပူရမယ်လို့ ရယ်စရာပြောကြားတာကိုလည်း ကြားဖူးပါတယ်။ အမရပူရမှာ ကမ္ဘာကျော် မဟာဂန္ဓာရုံကျောင်းနဲ့ ဆရာတော်ကြီး ဦးဇနကာဘိဝံသ၊ မိုးကုတ်ဆရာတော် ဦးဝိမလ၊ တူးမောင်းဆရာတော် စတဲ့ သာသနာ့အာဇာနည်များ ပေါ်ထွန်းရာဒေသဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးသိတဲ့ ဦးပိန်တံတား၊ ဆောင်းဒါးရက်ကန်းနဲ့ အသက်မွေးသိပ္ပံ၊ ရတနာ ဂူပွဲတော်တွေဟာ အမရပူရရဲ့ ထင်ရှားတဲ့ သင်္ကေတတွေဖြစ်ပါတယ်။ ယနေ့ ရက်ကန်းလုပ်ငန်းနဲ့ ပတ်သက်ရင် ကမ္ဘာ့အထိ ထိုးဖောက်နိုင်ပြီး မြန်မာနိုင်ငံမှာ ရက်ကန်းလုပ်ငန်း အအောင်မြင်ဆုံး၊ အဖြစ်ထွန်းဆုံးမြို့အဖြစ် ထင်ရှားလှပါတယ်။ လွန်းရာကျော်လုပ်ငန်းကလွဲပြီး လက်ခတ်စင်များအစား စက်ရက်ကန်းသံများဟာ မြို့ရဲ့ကျက်သရေကို ဆောင်နေပါတယ်။

ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးရဖို့ တိုက်ပွဲဝင်လိုတဲ့ စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ထွန်းကားနေတဲ့အချိန်မှာ တည်ထောင်ခဲ့တဲ့ အမရပူရကျောင်းဟာ အမျိုးသားစိတ်ဓာတ် ပြင်းထန်တဲ့ အမျိုးသားကျောင်းလို့ လူသိများပါတယ်။ ဘိုးစဉ်ဘောင်ဆက်ပညာသင်ခဲ့တဲ့ အမရပူရ အ.ထ.ကကျောင်းကို 'နေရှင်နယ်' ကျောင်းလို့ တစ်ဖြို့လုံးက လေးလေးစားစား အဖြတ်တနိုး ဂုဏ်ယူစွာ ယနေ့ထိ ခေါ်ဝေါ်ကြပါတယ်။ အမျိုးသားစိတ်ဓာတ် နိုင်ငံချစ်စိတ် ပြင်းထန်တဲ့လူငယ်တွေ မွေးဖွားပေးခဲ့တဲ့ ကျောင်းဖြစ်ပါတယ်။

အ.ထ.က ဂုဏ်ဆောင်နှစ်ထပ်ကျောင်းဆောင်ကြီးကို ဆရာကြီး ဦးခင်မောင်မြင့်လက်ထက် ၁၉၇၄ က စဆောက်ခဲ့တာ ၁၉၈၄ ကျွန်မလက်ထက်မှာ 'နန်းအမရ' ကျောင်းဆောင်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါတယ်' အရှေ့အနောက်အလျား ၃၂၄ ရှိတဲ့ 'နန်းအမရဆောင်' ဟာ အဲဒီခေတ်အခါက အလျားအရှည်ဆုံးကျောင်းကြီးအဖြစ် လူသိများခဲ့ပါတယ်။

လာနတ်ဆက်ကြ၊ ကန်တော့ကြတဲ့ ဆရာမတွေ၊ တပည့်တွေနဲ့ ဝိုင်းဝိုင်းလည် စကားပြောနေရလွန်းလို့ ရောက်ရောက်ချင်းကျွေးတဲ့ မုန့်တီ၊ ခေါက်ဆွဲသုပ်တောင် မစားနိုင်ဘဲ စကားတွေ ဖောင်ဖွဲ့ပြောမိကြပါတယ်။ ကန်တော့ပွဲမှာ ရှေးကတည်းက သီလရှင်ဝတ်နေတဲ့ ဆရာမ ဒေါ်ခင်စန်းတင့်ကို လည်းကောင်း။လွန်ခဲ့တဲ့(၇)နှစ်က သီလရှင်ဝတ်သွားခဲ့တဲ့ ဒေါ်ညွှန့်ညွှန့်ကို ဒေါ်ဇသုကာရီအဖြစ်လည်းကောင်း၊ ဆရာ ဦးကျော်သိန်းစိုးကို ဦးကုသလအဖြစ်လည်းကောင်း၊ ဆရာ ဦးမင်းဦးကို ဦးပညိန်အဖြစ်လည်းကောင်း စစ်ကိုင်းတောင်၊ စဉ့်ကိုင် အရိယဝံသကျောင်း၊ ကျောက်ဆည် ဘ.က ကျောင်းတွေမှာ သီတင်းသုံးကာ သာသနာ့ဘောင်ဝင်နေတာ လေးနှစ်ခန့်ရှိပြီလို့ သိရလို့ ဝမ်းသာမိနည်းဖြစ်ပါတယ်။ ဝမ်းနည်းတာက သူတို့လို ပါရမီမပါလို့ သာသနာ့ဘောင်မဝင်နိုင်တဲ့ ကိုယ့်အဖြစ်ကို ဝမ်းနည်းမိတာပါ။ ဝမ်းသာတာကတော့ အားလုံးကိုစွန့်ပြီး သာသနာ့ဘောင်ဝင်သွားတဲ့ သူတို့ရဲ့ စိတ်ဓာတ်ကို ချီးကျူးစိတ်နဲ့ ဝမ်းသာမိတာပါ။ တစ်ရှိန်ုက်တပည့်များ ဖြစ်ခဲ့ကြသော်လည်း ယခုအခါ ဘုရားသားတော်၊ သမီးတော်အဖြစ် ဖူးတွေ့ရတဲ့အခါ ဝမ်းသာဝမ်းနည်း မျက်ရည်ဝဲပြီး လက်အုပ်ချီကန်တော့ခဲ့ပါတယ်။

ကျောင်းချိန်မှာ ကျောင်းလစ်ပြီး ရုပ်ရှင်ခိုးကြည့်လို့ အရိုက်ခံရတဲ့ ကျောင်းသားတစ်ဦးဟာ အခုတွေ့တော့ အသက် ၅၀ နီးပါးရှိနေတာကို တွေ့ရပါတယ်။ သူငယ်စဉ် ငါးတန်းတုန်းက သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ခိုးကြည့်လို့ အရိုက်ခံရပုံကို စားမြုံ့ပြန် ပြောပြနေတာကို အားလုံးက စိတ်ဝင်စားစွာ နားထောင်နေကြပါတယ်။ ကျောင်းပြေးပြီး အောင်ခြင်းရှစ်ပါး၊ တောင်မင်းကြီးဘုရားနဲ့ ကုလားသိမ်ရိုင်းမှာ ဖဲရိုက်တဲ့ကျောင်းသားသုံးယောက်အပြေးလာပြီး သူတို့ကို ဖဲရိုက်လို့ ဆရာမကြီးကိုယ်တိုင်ဖမ်းပြီး ရုံးခန်းတံခါးပိတ် ရိုက်တာခံရကြောင်း၊ အတန်းပိုင်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေနဲ့ မိဘတွေကလည်း ရိုက်လို့ ဖဲထိရင် မကြည့်ချင်လောက်အောင် မုန်းသွားကြောင်း၊ အဲဒီလို အရိုက်မခံရရင် ခုလောက်ဆို ဖဲသမား၊ လောင်းကစားသမားတွေအဖြစ်နဲ့ ဘဝပျက်နိုင်ကြောင်း အတိတ်ကို တူးဆွပြောကြရင်း ကန်တော့ကြပါတယ်။

သူတို့နောက်မှာတော့ ကျောင်းသားဟောင်း နှစ်ယောက် လာကန်တော့ကြပါတယ်။ 'ကျွန်တော်တို့ ရှုစ်တန်းတုန်းက ဦးပိန်တံတားထိပ်က ထန်းတောမှာ ကျောင်းအဆင်း ထန်းရည်သောက် မလို့လုပ်တုန်း ဆရာကြီး ဦးစိုးမြင့်၊ ဦးမျိုးသန်း၊ ဦးကျော်မောင်တို့က ဖိကုတ်ခေါ်သွားလို့ ထန်းရည်တောင် မသောက်လိုက်ရဘဲ ဆရာမကြီးနဲ့ ဆရာတွေရဲ့ တုတ်စာမိသွားခဲ့တာ။ အမာရွတ်ထင်သည်ထိ ခံလိုက်ရတာကို ခုထိသတိရနေတုန်းပါလို့ ရယ်မော ပြောနေကြတဲ့ ရွှေခင်ဟာ မမွေရက်စရာပါဘဲ။ သူတို့မပြန်ခင်မှာ ဘင်ခရာတပ်ဖွဲ့ ဝင်ကျောင်းသား၊ ကျောင်းသူတွေ ရောက်လာကြပါတယ်။ 'ငါတို့က မင်းတို့လို လူဆိုးမဟုတ်ဘူး၊ ကျောင်းဂုဏ်ဆောင် ဘင်ခရာတပ်ဖွဲ့ ဝင်တွေကွ' လို့ပြောရင်း ထိုင်ကန်တော့ကြပါတယ်။ အဲဒီအချိန်က အမရပူရ အ.ထ.က ရဲ့ ဘင်ခရာတီးဝိုင်းဟာ ပွဲတိုင်းပါဝင် တီးမှုတ်ရပြီး ပျိုးတိုင်ကြိုက်တဲ့ နှင်းဆီခိုင်ပါပဲ။ နှင်းဆီခိုင်ကလေးတွေ လာကန်တော့ကြလို့ နှင်းဆီနဲ့တွေ သင်းလာသလို ခံစားရပါတယ်။ အမရပူရ အ.ထ.ကမှာ တာဝန်ထမ်းဆောင်စဉ်က ဖြစ်ရပ်တွေကို စာစီကုံးလို့ ဆုံးနိုင်မယ်မထင်ပါ။

ရွှေကြက်ဖကြာညို့မှ ကိုအပ်တီ၊ မယဉ်ယဉ်အေးမိသားစုဆောက် လုပ်လူဒါန်းထားတဲ့ မေတ္တာရိပ်ခန်းမထဲမှာ ဆရာ၊ ဆရာမတွေကို ကန်တော့နေတဲ့သူတွေ ဝတ်စုံဆင်တူနဲ့ ဝိုင်းဖွဲ့ပြီး တွန်းထိုးရယ်မော ပြောဆိုနေသူတွေ၊ ဓာတ်ပုံရိုက်နေတဲ့သူတွေကို မြင်ရတဲ့အခါ ဒီလို မြင်ကွင်းမျိုး မြန်မာနိုင်ငံကျောင်းတွေမှာ ကွယ်ပျောက်သွားမှာကို စိုးရွံ့နေမိပါတယ်။ ကျွန်မအမြင်ပြောရရင် ယခုခေတ် လူငယ်တွေဟာ ကျွန်မတို့ခေတ်က လူငယ်တွေထက် ဆရာတွေကို အလေးထားတာ အားနည်းတယ်လို့ ထင်မိပါတယ်။ တကယ်သိလို၊ သင်တန်းနဲ့ ထက်၊ လယ်ကျောင်းတွေမှာ အာစရိယပူဇော်ပွဲတွေကို နှစ်စဉ်ကျင်းပနိုင်အောင် ကြိုးစားဆောင်ရွက်နေကြပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် အိမ်ထိုင်ရာရောက် သွားကန်တော့ကြတာတွေလည်း ရှိပါတယ်။ မူလတန်းကျောင်းထွက် အများစုက ကိုယ့်ကိုစတင်ပညာသင်ပေးခဲ့တဲ့ မူလတန်းက ငယ်ဆရာကို ကန်တော့တဲ့ပွဲ နည်းတယ်လို့ ထင်မိပါတယ်။ မူလတန်းဆရာ၊ ဆရာမတွေရဲ့ အခန်းကဏ္ဍဟာ မေးမှိန်သလိုဖြစ်ပြီး အလေးထားမှုနည်းတယ်လို့ ယူဆမိပါတယ်။

အာစရိယပူဇော်ပွဲတစ်ပွဲဖြစ်ဖို့ဆိုတာ အခက်အခဲတွေ အများကြီးရှိပါတယ်။ တပည့်တွေကလည်း အလှူငွေထည့်လိုက်ရင် ဝတ္ထုရား ကျေပြီလို့ သဘောမထားသင့်ပါ။ ကိုယ့်ကို ပညာသင်သွန်သင်ဆုံးမခဲ့တဲ့ ဆရာမတွေကို သက္ကစ္စဂါရဝမြောက်အောင် ကိုယ်တိုင် တက်ရောက်ကန်တော့သင့်ပါတယ်။ အာစရိယပူဇော်ပွဲဆိုတာ ကျောင်းတိုင်းပြုလုပ်သင့်တဲ့ ပွဲတစ်ပွဲပါ။ ဆရာဟာ ဘုရားနဲ့ တစ်ဂိုဏ်းတည်းပြတဲ့ အနန္တဂိုဏ်း၀င် ခင်ပွန်းကြီး ၁၀ ပါးမှာ ပါဝင်တဲ့သူတွေပါ။ ခုအခါ ဆရာတွေကို အလေးပြုမှု၊ ဂါရဝပြုမှု အားနည်းလာတယ်လို့ ထင်ပါတယ်။ ဆရာကို အလေးအမြတ်ပြုထိုက်တဲ့ ကျေးဇူးရှင်လို့ မခံယူတော့ဘူးဆိုရင် အနာဂတ်လူငယ်တွေရဲ့ ဘဝဟာ ရင်လေးစရာပါပဲ။ ဆရာဆိုတာ ဘဝရဲ့ကျေးဇူးရှင်လို့ခံယူပြီး ရိုသေလေးစားထိုက်သူလို့ ခံယူထားမှ မိမိရဲ့ မျိုးဆက်သစ်တွေမှာ မှန်ကန်တဲ့အသိနဲ့ ခံယူချက်ရရှိသွားမှာပါ။ တချို့နိုင်ငံတွေမှာ ငွေနဲ့ပညာကို တန်ဖိုးဖြတ်ကြလို့ ဆရာတပည့် ဆက်ဆံရေးဟာ စိမ်းလွန်းနေပါတယ်။ ပညာကိုငွေနဲ့ တန်ဖိုးဖြတ်တဲ့စိတ်တွေ ကျွန်မနဲ့ငိုင်ကို ရောက်လာမှာ စိုးရိမ်မိပါတယ်။

ဆရာမတွေအနေနဲ့ ကန်တော့ပစ္စည်းထက် ဆရာကန်တော့ပွဲမှာ တွေ့ရမယ့်လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များရဲ့ ဘဝဇာတ်လမ်းအစုံစုံတွေကို ကြားသိတွေ့ဆုံချင်ကြတာ အဓိကပါပဲ။ ကန်တော့ပွဲကျင်းပရေးကို တာဝန်ယူရမယ့်အဖွဲ့အနေနဲ့လည်း တာဝန်တွေများပြားကြီးမားလှပါတယ်။ ကိုဗစ်နဲ့ ငလျင်ဒဏ်ကြောင့် စီးပွားရေးကျပ်တည်းကြလို့ အလှူခံဖို့ ခက်ပါတယ်။ ကိုယ်တိုင်စီးပွားရေးအကျပ်အတည်း၊ ရောဂါဘယ၊ သဘာဝဘေးဒဏ်အခက်အခဲတွေကြားမှာ ရုန်းကန်နေရလို့ အာစရိယပူဇော်ပွဲတွေမှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်တဲ့ အခက်အခဲတွေလည်း ရှိပါတယ်။ ကျောင်းမှာဖွဲ့ထားတဲ့ ကော်မတီအလိုက် လှူဒါန်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အ.ထ.က အမရပူရမှာ ၁၉၇၀ မှ ၇၃ ထိ တစ်ဖွဲ့၊ ၁၉၈၀-၁၉၈၄ ထိ တပ်ဖွဲ့၊ ၁၉၈၄-၉၄ ထိ တစ်ဖွဲ့၊ ၂၀၀၃-၂၀၀၄ မှ ယနေ့ထိတစ်ဖွဲ့ စသည်ဖြင့် အဖွဲ့လိုက်၊ နှစ်အလိုက် ကန်တော့ကြပါတယ်။ ဩဂုတ် ၂၃ ရက်ကလုပ်တဲ့ ကန်တော့ပွဲဟာ ၁၉၈၄-၉၄ အဖွဲ့ရဲ့ (၁၃)ကြိမ်မြောက် ပူဇော်ပွဲဖြစ်ပြီး ဆရာ၊ ဆရာမ ၆၇ ဦးကို အဖွဲ့အလှူငွေ၊ တစ်ဦးချင်းအလှူငွေများ၊ ပစ္စည်းများနဲ့ ကန်တော့ကြပါတယ်။ ၁၉၈၄-၉၄ အဖွဲ့က ကိုဗစ်ကာလမှာတောင် အိမ်တိုင်ရာရောက် လာရောက် ကန်တော့ကြပါတယ်။ ငလျင်ဒဏ်ကြောင့် ၂၀၂၅ မှာ မကန်တော့နိုင်လို့ ၂၀၂၆ ခုနှစ်မှာ အတိုးချကန်တော့ကြတာပါ။ အာစရိယပူဇော်ပွဲတွေထဲမှာ အစောဆုံးပြုလုပ်တဲ့အဖွဲ့ဖြစ်ပါတယ်။ တောင်ပြိုး၊ ရတနာဂူပွဲတော်အကြားမှာလုပ်ခြင်းဖြင့် ရပ်ဝေးမှ ကျောင်းသူဟောင်းများ နတ်ပွဲလာရင်း၊ ဆရာကန်တော့ရင်းဆိုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်စေပါတယ်။

ကန်တော့ပွဲမှာ ဩဝါဒပေးရပြန်တော့လည်း အရင်က ကျောင်းအုပ်ကြီးတွေ အကန်တော့ခံနေရာမှာ ဦးသွင်၊ ဒေါ်ခင်ခင်သန်း၊ ဒေါ်လွင်လွင်မြင့်နဲ့ ကျွန်မတို့ လေးဦးရှိခဲ့ပေမယ့် အခုတော့ ဦးသွင်နဲ့ ဒေါ်ခင်ခင်သန်းဆုံးသွားလို့ ဒေါ်လွင်လွင်မြင့်နဲ့ ကျွန်မတို့ နှစ်ဦးပဲ ကျန်တော့ပါတယ်။ နှစ်ဦးထဲက ဘယ်သူကျန်ခဲ့မလဲဆိုတာတွေးရင်း သံဝေဂဖွားမိပါတယ်။ ဒါကြောင့်လည်း ဩဝါဒစကားမှာ ဒုတိယအရွယ်မှာ ဥစ္စာရှာရင်း ဘာဝနာပွားများဖို့၊ ဒါန၊ သီလကုသိုလ်တွေများများပြုလုပ်ဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ ကန်တော့ပွဲအပြီးမှာကျွေးတဲ့ နာမည်ကျော် စစ်သူကြီး ဝဲထမင်းနဲ့ ကြက်သား၊ ဆိတ်သားနှပ်ဟာ ကောင်းလွန်းလို့ မမေ့နိုင်အောင်ပါပဲ။ စုံတကာ စုနေတဲ့ ရေခဲမုန့်၊ ခနဲထုပ်၊ ငှက်ပျောနှနွင်းမကင်း၊ပေါက်ပေါက် နှနွင်းမကင်း၊ လက်ဖက်၊ နာနတ်သီး စတဲ့အချို့ပွဲတွေကို စုံအောင် မစားနိုင်လောက်အောင်ပါပဲ။

အမရပူရ အာစရိယပူဇော်ပွဲကအပြင် အခက်အခဲတွေ ရုန်းကန်ပြီး ဆရာကန်တော့ပွဲတွေလုပ်ရလို့ တန်ဖိုးထားသင့်ကြောင်း ဆရာ၊ ဆရာမတွေကို လေးစားမြတ်နိုးကာ မျိုးဆက်သစ်တွေကို အမွေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ကြပါစေ။ လက်ခံမယ့် အနာဂတ် မျိုးဆက်သစ်များကလည်း ကမ်းလင့်အမွေကို ဝမ်းသာရွှင်မြူး ခံယူနိုင်ကြပါစေကြောင်း ဆုတောင်းမိပါတယ်။ ဆရာဆိုတာ ဘာကိုမှ မမျှော်လင့်...

ရွှေမမျှော်၊ ငွေမမျှော်
နေဖျော်သည့်ဘဝ
ဝေနာ ဖြေစရာနှင့်
စေတနာ ပီတိစား

အားရှိနေရ ဆိုတဲ့ ရှင်တိက္ခဘဏ္ဍာ(ကမ္ဘ)ရဲ့ ကဗျာလေးနဲ့ ဂုဏ်ပြုရေးသားအပ်ပါတယ်။

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော၊ စာအုပ်၊ စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ကျန်းလှ စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျန်းလှမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက မကျည်းအင်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။ **(အောက်ခံပုံ)**



အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်၊ ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်းရင်းကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းက 'လူငယ်နှင့် အားကစား' ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၈၀)

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်နိုင်စွမ်းနှင့် မိမိတို့၏ အတွေးအခေါ်ကို ထိရောက်စွာ ပြန်လည်ထုတ်ဖော်ပြသနိုင်စွမ်းဖြင့် များလာစေရန် ရည်ရွယ်၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းပေါင်းစုံ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို 'ဆရာ့အမွေ အမြဲတေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲကို 'ပန်းပျိုးလက်တို့စေတနာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို 'ဆရာ့ရင်ခွင် ပန်းဥယျာဉ်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲကို 'ဆရာသခင် မီးအိမ်ရှင်' ခေါင်းစဉ်များဖြင့် အသီးသီး ယှဉ်ပြိုင်ခဲ့ရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ကိုးဦး၊ ကဗျာပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ ကဗျာပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး စုစုပေါင်း ၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆရာ၊ ဆရာမများနှင့် ရုံးဝန်ထမ်းများအတွက် ဆောင်းပါး၊ ပြိုင်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(အောက်ပုံ)

ထက်ထက်(ကျောက်ဆည်)



